ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်၊ တနင်္လာနေ့၊ (31-12-2007) (၅၅၄၈)

ထူးခြားသည့် ညအပူချိန်များ ၃၀-၁၂-၂၀၀၇

ဟားခါး	➠	-၃ ဒီဂရီစင်တီဂရိတ်
လွိုင်လင်	➠	၀ ဒီဂရီစင်တီဂရိတ်
နမ့်စန်	➠	၄ ဒီဂရီစင်တီဂရိတ်

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်

လွတ်လပ်သော နိုင်ငံသားများအဖြစ် မွေးဖွားလာခဲ့ပြီး လွတ်လပ်ရေး၏ တန်ဖိုး၊ လွတ်လပ်ရေး၏ အရသာကို ကောင်းစွာ သိမြင်နားလည်သော ယနေ့လူငယ်လူရွယ်များသည် မျိုးဆက်သစ်များပီပီ အမိနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို စည်းလုံးညီညွတ်သော အင်အားဖြင့် ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာမှ-

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် သာဂရ စက်မှုနယ်မြေစီမံကိန်း၏ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ စီမံကိန်းလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆို

- ပြင်ဦးလွင် ခင်နှင်းမေ၏ **“ကဗျာအလှ စာအလှများ”** (ဆောင်းပါး) စာမျက်နှာ-၆
- **၂၀၀၇ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း ပညာသင်ယူမှုအခွင့်အလမ်း ဖြစ်ထွန်းတိုးတက်မှုမှတ်တမ်း** စာမျက်နှာ-၇

“ရှေးမြန်မာတွေဟာ လွယ်လွယ်နဲ့ ကျွန်အဖြစ်မခံခဲ့ကြပါဘူး။ လွတ်လပ်ရေးဟာလည်း လွယ်လွယ်နဲ့ ပြန်ရခဲ့တာ မဟုတ်ပါဘူး။ အခုခေတ် မြန်မာတွေကကော ဘယ်လိုလဲ၊ ခေတ်သစ် ကိုလိုနီကျွန်ဘဝ အရောက်ခံကြမှာလား။”

- သံအိမ့်မှူး၏ **“လွတ်လပ်ရေးအားမာန်ဖြင့် နှစ်သစ်ကိုကြိုဆို”** (ဆောင်းပါး) စာမျက်နှာ-၈၊ ၉
- ခွန်ရဲသွေး(အေးသာယာ)၏ **“လွတ်လပ်ရေးကိုထိန်းသိမ်းပါ”** (ကဗျာ) စာမျက်နှာ-၉
- မင်းဦး(ဒဿန)၏ **“အသက်သွေးချွေးနဲ့ရင်းပြီး ရယူခဲ့ရတဲ့လွတ်လပ်ရေး”** (ကာတွန်း) စာမျက်နှာ-၉

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်
အမှတ်(၂)စက်မှုဝန်ကြီးဌာန သာဂရ စက်မှုနယ်မြေစီမံကိန်း ကြည့်ရှုစစ်ဆေး
နိုင်ငံတော်၏စက်မှုကဏ္ဍတိုးတက်ရေး၊ စက်မှုနိုင်ငံထူထောင်ရေး ကြိုးပမ်းရန် မှာကြား

နေပြည်တော် ဒီဇင်ဘာ ၃၀

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ သာဂရစက်မှုနယ်မြေစီမံကိန်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ အမှတ်(၂) စက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ အမှတ်(၂) လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး သာဂရစက်မှုနယ်မြေစီမံကိန်းသို့ ရောက်ရှိကြရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ *

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၃၁-၁၂-၂၀၀၇
(တနင်္လာနေ့)

ရာသီမရွေး ခြင်နှိမ်နင်းရေး အလေးထားဆောင်ရွက်

ကျန်းမာရေးလုပ်ငန်းများသည် ပြည်သူအားလုံးနှင့် သက်ဆိုင်နေသည့်အတွက် ရေကောင်းရေသန့် ရရှိသုံးစွဲရေး၊ အစားအစာသန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများတွင် ပြည်သူတစ်ရပ်လုံး တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့အပြင် ရာသီဥတု အပြောင်းအလဲများ၌ ခြင်ကြောင့်ဖြစ်ပွားတတ်သော ရောဂါများ မဖြစ်စေရေးအတွက် သတိပြုကာကွယ်ကြရန်လည်း လိုအပ်သည်။ တောတောင်စိမ့်စမ်းများတွင် ပေါက်ပွားသော အနောဖလိခြင်ကိုက်ခံရခြင်းဖြင့် ငှက်ဖျားရောဂါဖြစ်နိုင်သည်။ ခရီးသွားများပြားသည်နှင့်အမျှ ခြင်မှတစ်ဆင့် ငှက်ဖျားရောဂါကူးစက်နိုင်ပြီး ရောဂါပြင်းထန်ပါက သေဆုံးနိုင်သည်။

မြောင်းပုပ်၊ ရေအိုင်များတွင် ပေါက်ပွားသော ခြင်ကိုက်ခံရသဖြင့် ဆင်ခြေထောက်ရောဂါ၊ လယ်ကွင်းများ၌ ပေါက်သော ကျူးလစ်ခြင်များကြောင့် ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ရေကြည်ရေသန့်တွင်သာ ပေါက်သော အေဒီးခြင်ကျားများကြောင့် သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားတတ်သည်ကို သတိပြုကြရမည်ဖြစ်သည်။

ယင်းတို့အနက် သွေးလွန်တုပ်ကွေးရောဂါသည် အချိန်အခါရာသီမရွေး၊ နေရာဒေသမရွေး၊ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်သည်။ မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများတွင် ဖြစ်ပွားနေပြီး အသေအပျောက်နှုန်း များပြားလာကြောင်း သိရသည်။ ဗိုင်းရပ်စ်ပိုးများအားလုံးသည် ပူနွေးစွတ်စိုသော ရာသီဥတုတွင် ပေါက်ပွားပြီး ရောဂါကူးစက်မှုမြန်သဖြင့် သေပျောက်နှုန်းများခြင်းဖြစ်သည်။

ယခုအခါ ကျန်မာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများပူးပေါင်း၍ ခြင်နှိမ်နင်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ပြည်သူများအပိုင်းကလည်း ရေကြည်ရေသန့်ရှိရာ၊ သိုလှောင်ရာနေရာများတွင် လောက်လမ်းများ မပေါက်ပွားစေရေး ရှင်းလင်းဖယ်ရှားကြရမည်ဖြစ်သည်။ မြို့ပြ ကျေးလက်မကျန် ပြည်သူအားလုံးက နေအိမ်ဝင်းခြံ ရေမြောင်းများအတွင်း ခြင်မပေါက်စေရေး ပတ်ဝန်းကျင်သန့်ရှင်းခြင်း၊ ခြင်လောက်လမ်းနှိမ်နင်းရေးအတွက် ရာသီမရွေး ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်း၊ ခြင်မကိုက်ရန် သတိပြုကာကွယ်နေထိုင်ကြခြင်းတို့ဖြင့် ခြင်ကြောင့် ဖြစ်ပွားတတ်သော ရောဂါများမှ ကင်းဝေးနိုင်ကြမည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်းဝင်းအတွင်း တိုးချဲ့မြေနှစ်ဧကေ၌သံဃာ့သုခ သုံးထပ်ကျောင်းဆောင်နှင့် အခြားသော သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် စမ်းချောင်း(တောင်)ရပ်ကွက် မြင့်မိုရ်လမ်းနေ ဗိုလ်မှူးအောင်စိန်(ငြိမ်း)-ဒေါ်မေသိန်းခိုင်၏ မွေးနေ့မင်္ဂလာ အထိမ်းအမှတ်အဖြစ် အလှူငွေကျပ် ၁၀၈၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူဆောင်ဆရာတော် အရှင်ကလျာဏ(နာလန္ဒာ) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား
★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သထုံမြို့နယ် ဆိပ်ကျွန်းရေထိန်းတံခါးဖွင့်လှစ်

နေပြည်တော် ဒီဇင်ဘာ ၃၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် မွန်ပြည်နယ် သထုံမြို့နယ် ဆိပ်ကျွန်းကျေးရွာအနီးရှိ ဆိပ်ကျွန်းရေထိန်းတံခါးဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ရက် နံနက်၉နာရီတွင် အဆိုပါရေထိန်းတံခါးအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်း၊ သထုံခရိုင်နှင့် သထုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ၊ ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၄၀၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်သည့် ဆိပ်ကျွန်းရေထိန်းတံခါးသည် နိုင်ငံတော်၏ ၂၀၆ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ပြီး သထုံမြို့နယ်တွင် တည်ဆောက်ဖွင့်လှစ်ပြီးဖြစ်သည့် ကျုံထော်၊ဇိုက္ကရဲ၊ မရမ်းကုန်း ရေထိန်းတံခါးများနှင့် အစုအဖွဲ့လိုက် တည်ရှိနေပြီဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် သီးနှံစိုက်စွမ်းအား မြင့်မားအောင် ဆောင်ရွက်နိုင်တော့မည် ဖြစ်သည့်အတွက် ရေထိန်းတံခါးများ၏ အကျိုးပြုမှုကို သားစဉ်မြေးဆက် အကျိုးခံစားနိုင်ရန် ရေရှည်တည်တံ့အောင် ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြစေလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းက အမှာစကားပြောကြားပြီး ဆိပ်ကျွန်းရေထိန်းတံခါး တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရအား ကျေးဇူးတင်ရှိကြောင်းကို ဒေသခံပြည်သူများကိုယ်စား သထုံမြို့နယ်မှ ဦးမြင့်ဟန်က ကျေးဇူးတင်စကားပြောကြားသည်။

သထုံမြို့နယ် ဆိပ်ကျွန်းရေထိန်းတံခါးကို တွေ့ရစဉ်။ (လယ်/ဆည်)

ဆက်လက်၍ ဆိပ်ကျွန်းရေထိန်းတံခါး ကမ္ပည်းကျောက်စာတိုင်ကို ဒုတိယဝန်ကြီး ဦးအုန်းမြင့်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီးအမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် ဆိပ်ကျွန်းရေထိန်းတံခါးကို ဒုတိယဝန်ကြီးနှင့် ပြည်နယ်အတွင်းရေးမှူးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲအထိမ်းအမှတ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ ဆိပ်ကျွန်းရေထိန်းတံခါးနှင့် ရေထိန်းတံခါးများတွင် တပ်ဆင်မည့် သံမဏိရေတံခါးရွက်များကို ကြည့်ရှုစစ်ဆေးကြသည်။

ဆိပ်ကျွန်းရေထိန်းတံခါးသည် ဆိပ်ကျွန်းချောင်းပေါ်တွင် တည်ရှိပြီး အကျယ် ၆ပေ၊ အမြင့် ၁၂ပေရှိသည့် ကွန်ကရစ်ရေထုတ် ရေထိန်းတံခါးပေါက် ၁၅ပေါက်ပါရှိသည်။ ရေခေါ်မြောင်းမကြီးသည် အလျားပေ၄၀၀၀နှင့် ရေထုတ်မြောင်းမကြီးသည် အလျားပေ ၄၅၀ရှိကာ လယ်မြေဧက ၁၀၀၀၀ကို မိုးစပါး၊ နွေစပါးအောင်မြင်စွာ စိုက်ပျိုးနိုင်ရေးအတွက် ရေထိန်းတံခါးကို တစ်နှစ်တာကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဒေသဖွံ့ဖြိုးရေး အထောက်အကူပြု ရေထိန်းတံခါးတစ်ခုဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကိုးဘွဲ့ရဆရာတော်၏ ဇန်နဝါရီလ ဓမ္မသဘင်များ

ရန်ကုန် ဒီဇင်ဘာ ၃၀

စစ်ကိုင်းတောင်ရိုးရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ်သည် ဇန်နဝါရီ ၁ ရက်တွင် ဒိုက်ဦးမြို့နယ်ဖောင်တော်သီမြို့၊၂ရက်တွင် တောင်ဥက္ကလာ(၁၃)ရပ်ကွက်(၂၅)လမ်း၊ အောင်တော်မူဆွမ်းလောင်းသင်းအောင်ပွဲ၊ ၃ရက်တွင် မကွေးမြို့ ကရုဏာရှင်များနာရေးကူညီမှုအသင်းပွဲ၊ ၄ရက် ညနေ ၆နာရီတွင် သဃ်ာန်းကျွန်းကြီးသစ်ဆိမ့်ကုန်းရပ်ကွက် ဆွမ်းသိမ်းပွဲ၊ ည ၈နာရီတွင် သာကေတမြို့နယ် အနော်မာ(၁၅)လမ်း၊ ၅ရက်ညနေ ၆နာရီတွင် မြောက်ဥက္ကလာပ (၄)ရပ်ကွက်၊ ည ၈ နာရီတွင် စမ်းချောင်းမြို့နယ် ဝေဠုဝန်တောင်ပိုင်းလမ်းကျယ်နှစ်ကျိပ်ရှစ်ဆူပွဲ၊ ၆ရက် ညနေ ၃ နာရီ ကလေးတရားပွဲနှင့် ညနေ ၆ နာရီတွင် တာမွေ မလွှကုန်းဒွေးကြွယ်(က)ရပ်ကွက်၊ ည ၈ နာရီတွင် လှိုင်မြို့နယ် (၁၃)ရပ်ကွက် ပုညဝမုန ဆွမ်းလောင်းအသင်း၊ ၇ ရက် ညနေ ၃ နာရီနှင့် ည ၇ နာရီတွင် သုံးဆယ်မြို့ သာသနာ့ဗိမာန်တော်ကြီး၊ ၈ရက်တွင် မန္တလေးမြို့ မောရိယမန်းဆေးတိုက်အထူးပွဲ၊ ၉ ရက် ညနေ ၃ နာရီတွင် သာကေတမြို့နယ် အနော်မာ (၁၅) လမ်း ကလေးတရားပွဲ၊ ညနေ ၆ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ဈေးကလေးလမ်း၊ ည ၈ နာရီတွင် စမ်းချောင်းမြို့နယ် ဝေဠုဝန်(၆)လမ်း ဆွမ်းသိမ်းပွဲ၊ ၁၀ရက် ညနေ ၆ နာရီတွင် သဃ်ာန်းကျွန်းမြို့နယ် ဓာတိကအိမ်ရာ၊ ည ၈ နာရီတွင် စမ်းချောင်းမြို့နယ် ဝေဠုဝန်(၆)လမ်း ဆွမ်းသိမ်းပွဲ၊ ၁၀ရက် ညနေ ၆ နာရီတွင် သဃ်ာန်းကျွန်းမြို့နယ် ဓာတိကအိမ်ရာ၊ ည ၈ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် မီးရထားဝင်း သာသနရက္ခိတဓမ္မာရုံတို့၌ တရားတော်များဟောကြားတော်မူမည်ဖြစ်ပြီး တရားပွဲရက်ရရှိပြီးသူများသည် ဖုန်း-၀၉၂၁-၃၀၈၉၅၊ ၀၉၉၉-၇၀၄၈၆၊ ၀၉၂၁-၃၃၀၁၀တို့သို့ ကြိုတင်ဆက်သွယ်ကြရန်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ကွယ်လွန်သူ ဒေါက်တာ ဒေါ်လှစိန်အား ရည်စူး၍ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ လိပ်ကန်လမ်းနေ ကျန်ရစ်သူမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ငွေကျပ် ၂၄ သိန်းတန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။(က-ပ)

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် အောင်သီတာလမ်းနေ ဦးတင်မောင်ရွှေ-ဒေါ်သန်းသန်းလှ၊ သမီး မနွေဦးဝေ၊ သား မောင်စောဝဏ္ဏထွန်း၏ မွေးနေ့အထိမ်းအမှတ် ငွေပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် မြေသားလမ်း ဖောက်လုပ်ပြီးစီးနေမှုနှင့် စက်ယန္တရားများဖြင့် ကွန်ကရစ်လမ်းခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား သာဂရ စက်မှုနယ်မြေစီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က စီမံကိန်းများနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်အကြီးအကဲ သာဂရစက်မှုနယ်မြေသို့ ရောက်ရှိစဉ် လမ်းညွှန်မှာကြားချက်များအရ လက်ရှိထုတ်လုပ်နိုင်မှုအပေါ် အခြေခံပြီး ပိုမိုတိုးတက်ကောင်းမွန်သော ဒီဇယ်အင်ဂျင်စက်များ၊ ဗို့အားမြင့် တာဘိုင်နှင့် ဂျင်နရေတာများ ထုတ်လုပ်ရေးအပါအဝင် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ပထမဦးစွာ ရှင်းလင်းတင်ပြသည်။

ထို့နောက် သာဂရစက်မှုနယ်မြေတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီမံကိန်းလေးခုနှင့် စပ်လျဉ်း၍ ဆက်လက်တင်ပြရာ၌ ပထမစီမံကိန်းဖြစ်သည့် ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစီမံကိန်းမှာ မြင်းကောင်ရေ ၂၅၀ မှ ၄၀၀ အား၊ ၃၃၀ မှ ၅၄၀ အားနှင့် ၅၀၀ မှ ၈၀၀အား ဒီဇယ်အင်ဂျင်များ တစ်နှစ်လျှင် အလုံး ၇၀၀ နှုန်း ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိသော စီမံကိန်းဖြစ်ပါကြောင်း၊ ယင်းဒီဇယ်အင်ဂျင်များကို အကြီးစားကုန်တင်ယာဉ်များ၊ ဘတ်စ်ကားကြီးများ၊ ဘိလပ်မြေသယ်ယာဉ်များ၊ ရေယာဉ်ငယ်၊ ရေယာဉ်လတ်နှင့် ကမ်းရိုးတန်းသွားရေယာဉ်ကြီးများ၊ မီးရထား (ရှန်တိန်) ခေါင်းတွဲများတွင် အသုံးပြုနိုင်မည်ဖြစ်သည်သာမက လျှပ်စစ်ဓာတ်အားပေးစက်များ၊ လေဖိစက်များ၊ ကျောက်ခွဲစက်များ၊ တွင်းတူးစက်များတွင်လည်း အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း။

ဒုတိယစီမံကိန်းဖြစ်သည့် မြေထိုးစက်နှင့် မြေတူးစက် ထုတ်လုပ်မှုစက်ရုံစီမံကိန်းတွင်လည်း တစ်နှစ်လျှင် မြေထိုးစက် အစီး ၁၀၀ နှင့် မြေတူးစက် အစီး ၂၀၀နှုန်း ထုတ်လုပ်ရန် စီစဉ်လျက်ရှိပြီး ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံက ထွက်ရှိမည့် အင်ဂျင်များကို တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း။

တတိယစီမံကိန်းဖြစ်သည့် ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာ ထုတ်လုပ်မှု စက်ရုံစီမံကိန်းတွင် ကီလိုဝပ် ၂၀၀၀နှင့် ကီလိုဝပ် ၅၀၀၀ တာဘိုင်ကြီးများအပါအဝင် ကီလိုဝပ် ၁၀၀ မှ ကီလိုဝပ် ၅၀၀ အထိ တာဘိုင်ပေါင်း တစ်နှစ်လျှင် အလုံး ၅၀ ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

စတုတ္ထစီမံကိန်းဖြစ်သည့် မြန်မာ-ကိုရီးယား စက်မှုသင်တန်းကျောင်း စီမံကိန်းမှာ စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် လျှပ်စစ်နှင့် စက်မှုကျွမ်းကျင်ဝန်ထမ်းများ၊ ကွန်ပျူတာထိန်းချုပ်စက်ရုံများအတွက် ကွန်ပျူတာကျွမ်းကျင်ဝန်ထမ်းများ မွေးထုတ်ပေးမည့် သင်တန်းကျောင်း ထူထောင်ရန်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က စီမံကိန်းနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မေးမြန်းဆွေးနွေး ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မှာကြားရာတွင် လက်ရှိအခြေအနေ၌ နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် သဘာဝသယံဇာတများနှင့် စိုက်ပျိုးရေးလုပ်ငန်းများအပေါ်တွင် အားပြုဆောင်ရွက်လျက်ရှိကြောင်း၊ သို့ရာတွင် "သံသေတစ်ပြည်ဝ" ဆိုသည့်အတိုင်း နိုင်ငံအတွင်း စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး စက်မှုနိုင်ငံထူထောင်နိုင်မှသာ စီးပွားရေးဖွံ့ဖြိုးမှု ရေရှည်ခိုင်မြဲပြီး တိုင်းပြည်လည်း ကြွယ်ဝချမ်းသာမှာဖြစ်သည့်အပြင် နိုင်ငံသူ၊ နိုင်ငံသားများလည်း လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားစွာ နေထိုင်နိုင်မှာဖြစ်ကြောင်း။

ဤရည်မှန်းချက်နှင့်အညီ နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အမျိုးသားစီးပွားရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် စတုတ္ထကာလတို (၅)နှစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ဆဲဖြစ်ကြောင်း။

စတုတ္ထကာလတို (၅)နှစ်စီမံကိန်း ပြီးဆုံးချိန်တွင် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို တစ်နှစ်ပျမ်းမျှ ၁၂ရာခိုင်နှုန်း တိုးတက်စေရန် ရည်မှန်းထားပြီး စက်မှုကဏ္ဍအနေဖြင့် တစ်နှစ်ပျမ်းမျှ ၂၅ရာခိုင်နှုန်း တိုးတက်ရန်နှင့် တစ်နိုင်ငံလုံး၏ စီးပွားရေးတွင် စက်မှုကဏ္ဍ၏ ပါဝင်မှုအချိုးကို ၂၂ဒသမ၄ ရာခိုင်နှုန်း ရှိစေရန် လျာထားချက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဤရည်မှန်းချက်ပြည့်မီရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်အပိုင်းမှာရော၊ ပုဂ္ဂလိကအပိုင်းကဏ္ဍမှာပါ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် အားပေးဆောင်ရွက်လျက်ရှိရာ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံများစွာ တိုးတက်ပေါ်ထွန်းလာသကဲ့သို့ စက်မှုဇုန် ၁၈ ဇုန်အထိ နိုင်ငံအနှံ့၌ ဖြန့်ကြက်ဖြစ်ထွန်းလာပြီဖြစ်ကြောင်း။

စက်မှုနိုင်ငံထူထောင်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် စွမ်းအင်နှင့် လျှပ်စစ်ဓာတ်အားရရှိရေးအတွက်လည်း အလေးထားဆောင်ရွက်နေကြောင်း။ လက်ရှိလျှပ်စစ်ဓာတ်အားစက်ရုံများမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၇၀ ကျော် ထုတ်လုပ်ပေးလျက်ရှိသော်လည်း နိုင်ငံဖွံ့ဖြိုးမှုနှင့်အညီ လုံလောက်အောင်ဖြန့်ဖြူးပေးနိုင်ခြင်း မရှိသေးကြောင်း၊ ထို့ကြောင့် ရေအားလျှပ်စစ်ဓာတ်အား စီမံကိန်း ၁၅ ခုကို တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိရာ ယင်းစီမံကိန်းများပြီးစီးပါက မဂ္ဂါဝပ် ၁၀၀၀၀ ကျော် ထပ်မံထုတ်လုပ်ပေးနိုင်မှာဖြစ်ကြောင်း၊ အလားတူပင် စွမ်းအင်ကဏ္ဍတွင်လည်း ကမ်းလွန်ပင်လယ်ပြင်နှင့် ကုန်းတွင်းပိုင်းမှာပါ ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံ၏မြစ်ချောင်းရေမြေ သယံဇာတများအရ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် အလားအလာကောင်းများ များစွာရှိနေဆဲဖြစ်ရာ ဤသာဂရစက်မှုနယ်မြေက ထုတ်လုပ်မည့် ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာများမှာ နိုင်ငံ၏ လျှပ်စစ်ကဏ္ဍတိုးမြှင့်ရေးအတွက် များစွာအထောက်အကူဖြစ်စေမှာဖြစ်ကြောင်း။

ထို့အတူ နိုင်ငံ၏တည်ဆောက်ရေး၊ သယ်ယူပို့ဆောင်ရေး၊ စက်မှုကဏ္ဍ တိုးတက်ရေး လုပ်ငန်းများအတွက် ပြည်ပမှဝယ်ယူတင်သွင်းနေရသည့် မြေထိုးစက်၊ မြေတူးစက်၊ ရထားစက် ခေါင်းအင်ဂျင်များ၊ ရေယာဉ်အင်ဂျင်များနှင့် မော်တော်ယာဉ် အင်ဂျင်များ အပါအဝင် စက်မှုပစ္စည်းကိရိယာအမျိုးမျိုးကို သာဂရစက်ရုံများ စီမံကိန်းက ထုတ်လုပ်ပေးနိုင်တော့မှာဖြစ်ကြောင်း။

အမှတ်(၂) စက်မှုဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏စက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည်မှာ နှစ်ပေါင်းကြာရှည်ပြီဖြစ်ရာ အတွေ့အကြုံ၊ နည်းပညာနှင့် ကျွမ်းကျင်မှုများစွာ ရှိထားပြီးဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း အမှတ်(၂) စက်မှုဝန်ကြီးဌာနအနေဖြင့် တိုင်းပြည်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုနိုင်ငံ ထူထောင်ရေးတွင် ဦးဆောင်ဦးရွက်ပြုရန် တာဝန်ရှိသည်ဟု လမ်းညွှန်မှာကြားထားပြီးဖြစ်ကြောင်း။

၂၄-၂-၂၀၀၇ ရက်နေ့တွင် ဤစက်မှုနယ်မြေသို့ နိုင်ငံတော်အကြီးအကဲ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားခဲ့သည်များကို အလေးအနက်ခံယူပြီး စက်ရုံ၊ အလုပ်ရုံများ တိုးတက်အောင်မြင် ရေးကိုသာမက နိုင်ငံတော်၏စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုနိုင်ငံ ထူထောင်ဖြစ်ပေါ်ရေးတို့ အတွက် အစဉ်အမြဲတွေးခေါ်ကြံဆ တီထွင်ကြိုးပမ်း ဆောင်ရွက်သွားကြရန် ထပ်လောင်းမှာကြားလိုကြောင်း။

ထို့အပြင် မိမိတို့စက်ရုံထုတ်ယာဉ်နှင့် ပစ္စည်းကိရိယာများ အမြဲတမ်းခေတ်မီနေအောင်၊ အရည်အသွေးမြင့်မားအောင်၊ မော်ဒယ်နှင့်ဒီဇိုင်းများ တစ်နှစ်ထက်တစ်နှစ် ပိုမိုအဆင့်မြင့်အောင်၊ သုံးစွဲသူ ပိုမိုနှစ်ခြိုက်အောင် အမြဲမပြတ် တီထွင်ဆန်းသစ်ဆောင်ရွက်နေရန် မှာကြားလိုကြောင်း။

ဤသာဂရစက်မှုနယ်မြေတွင် တည်ဆောက်လျက်ရှိသည့် စက်ရုံများ၏ ထုတ်လုပ်မှုလုပ်ငန်းအားလုံးမှာ နိုင်ငံ၏စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုနိုင်ငံထူထောင်ရေး၊ ပြည်သူများ၏စားဝတ်နေရေး၊ လူနေမှုအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားရေးအတွက် အလွန်အရေးပါသည် သာမက နိုင်ငံတော် ဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်လိုအပ်သော စက်ပစ္စည်းကိရိယာများကို ထုတ်လုပ်ပေးမည့် လုပ်ငန်းများဖြစ်သည်ကို နားလည်ခံယူပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံစီမံကိန်းများတွင် လာရောက်ဆောင်ရွက်နေကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များအား သစ်သီးခြင်း လက်ဆောင်များကို ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် သာဂရစက်မှုနယ်မြေစီမံကိန်း၏ အဆောက်အအုံ ပုံစံငယ်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် သာဂရစက်မှုနယ်မြေစီမံကိန်း၏ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံစီမံကိန်းလုပ်ငန်းခွင်များသို့သွားရောက်၍ ပစ္စည်းသိုလှောင်ရုံ (Ware House) တည်ဆောက်ပြီးစီးနေမှု အခြေအနေများကိုလည်းကောင်း၊ စက်ရုံအဆောက်အအုံ (Machine Shop) အမှတ်(၁) ဆောက်လုပ်ပြီးစီးနေမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံအထွေထွေမန်နေဂျာ ဦးအေးသောင်းက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြေထိုးစက်နှင့် မြေတူးစက် ထုတ်လုပ်မှု စက်ရုံစီမံကိန်းလုပ်ငန်းခွင်၌ Machine Process Work Shop အဆောက်အအုံနှင့် Welding Work Shop အဆောက်အအုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှမြင့်သိန်းက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာထုတ်လုပ်မှု စက်ရုံစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ရှုရပ်ဆောင်မှ စက်ရုံတည်ဆောက်မည့် မြေနေရာနှင့် စီမံကိန်း အဆောက်အအုံများ တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ-ကိုရီးယား စက်မှုသင်တန်းကျောင်း စီမံကိန်းနယ်မြေသို့သွားရောက်၍ ရှုရပ်ဆောင်မှ သင်တန်းကျောင်း ပင်မအဆောက်အအုံနှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက်ရန် မြေနေရာ ရွေးချယ်သတ်မှတ်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် မော်တော်ယာဉ်များဖြင့် သွားရောက်ပြီး မြေသားလမ်းဖောက်လုပ်ပြီးစီးနေမှုနှင့် စက်ယန္တရားများဖြင့် ကွန်ကရစ်လမ်းခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ရှင်းလင်းတင်ပြသည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

သာဂရ စက်မှုနယ်မြေစီမံကိန်းလုပ်ငန်းများ ပြီးစီးနေမှုအခြေအနေကို တွေ့ရစဉ်။ (သတင်းစဉ်)

ဂါဇာသို့ လက်နက်ခိုးသွင်းနေသည်ဟူသည့် အစ္စရေး၏ စွပ်စွဲချက် အီဂျစ်အစိုးရက ပယ်ချ

ရှမ်အယ်–ရှိတ်(အီဂျစ်) ဒီဇင်ဘာ ၂၉

အီဂျစ်နိုင်ငံက လက်နက်များကို ဂါဇာဒေသသို့ မှောင်ခိုခိုးသွင်းနေသည်ဟူသည့် စွပ်စွဲချက်များကို အီဂျစ်အစိုးရက ပယ်ချလိုက်ပြီး၊ အစ္စရေးသည် ပါလက်စတိုင်းနေထိုင်ရာဒေသများတွင် အိုးအိမ်များ ဆောက်လုပ်နေမှုကို အာရုံပြောင်းသွားစေရန် ကြိုးပမ်းမှုသာ ဖြစ်ကြောင်း စွပ်စွဲလိုက်သည်။

အီဂျစ်သမ္မတမူဘာရက်နှင့် အစ္စရေးကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်တို့ ညှိနှိုင်းဆွေးနွေးခဲ့သည့် အမေရိကန်နိုင်ငံအင်နာပိုလစ်မြို့တွင် ကျင်းပခဲ့သောငြိမ်းချမ်းရေးညီလာခံ၏ အောင်မြင်ဖြစ်ထွန်းမှုများကို အစ္စရေးက ဖျက်ဆီးပစ်ခဲ့သည်ဟု အီဂျစ်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဟားမတ်စ် လှုပ်ရှားမှုအဖွဲ့က ဂါဇာကမ်းမြောင် ဒေသအတွင်း လက်နက်မှောင်ခို ခိုးသွင်းမှုအပေါ် အီဂျစ်က အနည်းငယ်မျှသာ တားဆီးကာကွယ်ခဲ့သည်ဟု အစ္စရေး၏ စွပ်စွဲချက်ကိစ္စကိုဆွေးနွေးရန် ဘာရက်က အီဂျစ်နိုင်ငံသို့ သွားရောက်ခဲ့သည်။

၎င်းက အီဂျစ်ကာကွယ်ရေးဝန်ကြီး မိုဟာမက်ဟူစိန်တန်တာဝီ၊ထောက်လှမ်းရေးအကြီးအကဲ အိုမာဆူလေမန်နှင့် မူဘာရက်တို့နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

မိမိတို့အနေဖြင့် လက်နက်မှောင်ခိုခိုးသွင်းမှုကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ သို့ရာတွင် ရာနှုန်းပြည့် အောင်မြင်မှုရရှိမည်ဟု အာမမခံနိုင်ကြောင်း၊ မည်သည့်နိုင်ငံကမျှ ယင်း၏ နယ်စပ်ကို လုံးဝပိတ်ပင်နိုင်မည် မဟုတ်ကြောင်း အီဂျစ်သမ္မတ၏ပြောရေးဆိုခွင့်ရှိသူ ဆူလေးမန်အွက်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားဒေသမှ ရေဘေးဒုက္ခသည်များအား ဘေးလွတ်ရာသို့ ပို့ဆောင်ပေးနေသည်ကို ဒီဇင်ဘာ ၂၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ပြင်သစ်ခရီးသည်လေးဦး သတ်သူများအား မော်ရီတေးနီးယားရဲတပ်ဖွဲ့ ရှာဖွေ

နွက်ရှက် ဒီဇင်ဘာ ၂၉

ခရစ္စမတ်အကြိုညက ပျော်ပွဲစားထွက်လာသည့် ပြင်သစ်ခရီးသည်များကို သတ်ဖြတ်ခဲ့သူ သေနတ်သမားသုံးဦးကို မော်ရီတေးနီးယား ရဲတပ်ဖွဲ့က ပိုက်စိပ်တိုက်ရှာဖွေလျက် ရှိပြီး မသင်္ကာသူအများအပြားကို ဖမ်းဆီးခဲ့ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

မော်ရီတေးနီးယားနိုင်ငံ၏ မြို့တော်နွက်ရှက်၏ အရှေ့တောင်ပိုင်း ကီလိုမီတာ ၂၅၀ အကွာရှိ ဘလက်မြို့တွင် တနင်္လာနေ့က ပစ်ခတ်မှုဖြစ်ပွားမှု၏ အကြောင်းရင်းမှာ ဓားပြတိုက်မှုဖြစ်သည်ဟု အာဏာပိုင်များက စောစောပိုင်းက ပြောကြားခဲ့သည်။ ယင်းဖြစ်ရပ်အတွင်း သေနတ်သမားများက မောင်းပြန် သေနတ်များဖြင့် မိသားစုဝင်သုံးဦးနှင့် ၎င်းတို့၏ သူငယ်ချင်းတစ်ဦးကို ပစ်သတ်ခဲ့သည်။

ပဉ္စမမြောက် ပြင်သစ်လူမျိုးတစ်ဦးသည် ဒဏ်ရာရရှိသော်လည်း အသက်မသေခဲ့ပေ။ တိုက်ခိုက်ခံရသည့် ပြင်သစ်အဖွဲ့ခေါင်းဆောင်၏ ခြေထောက်တွင် သေနတ်ဒဏ်ရာရရှိခဲ့ပြီး ဆီနီဂေါဒေသသို့ ဆေးကုသရန် သယ်ဆောင်သွားခဲ့သည်။ ၎င်း၏ သားနှစ်ဦး၊ အစ်ကိုဖြစ်သူနှင့်သူငယ်ချင်းတစ်ဦးတို့ အသတ်ခံခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နိုင်ငံအိုင်ဒါဟိုပြည်နယ် မော်စကိုမြို့အနီးတွင် နှင်းများထူထပ်စွာ ကျ၍ ဓာတ်အားပြတ်တောက်သွားသဖြင့် ပြင်ဆင်နေသည်ကို ဒီဇင်ဘာ ၂၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တရုတ်နှင့် ဂျပန်ဆက်ဆံရေးမြှင့်တင်မည်

ပေကျင်း ဒီဇင်ဘာ ၃၀

တရုတ်နှင့် ဂျပန်ဆက်ဆံရေး တိုးတက် ကောင်းမွန်စေရေးအတွက် အခြေခံမူသုံးရပ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်ရန် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က စနေနေ့တွင် တိုက်တွန်းလိုက်သည်။

တရုတ်နှင့် ဂျပန် ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန် လိုက်နာကျင့်သုံးရမည့် အခြေခံမူသုံးရပ်အနက် ပထမအခြေခံမူမှာ ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေးစာချုပ်နှင့် တရုတ်–ဂျပန် ပူးတွဲကြေညာချက်တို့အပါအဝင် နိုင်ငံရေးသဘောတူညီချက်များနှင့်အညီဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဒုတိယ အခြေခံမူမှာ နှစ်နိုင်ငံပြည်သူများအချင်းချင်း အပြန်အလှန်လေးစားမှု၊ နားလည်မှုနှင့် သာတူညီမျှမှု စံနှုန်းများနှင့်အညီ ဆက်ဆံရန်ဖြစ်ကြောင်း၊ တတိယ အခြေခံမူမှာ ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ဆက်ဆံရေး မြှင့်တင်ရန်ဖြစ်ကြောင်း ဝမ်က ပေကျင်းသို့ရောက်ရှိနေသော ဂျပန်ဝန်ကြီးချုပ် ယာဆူအိုဖူကူဒါအားပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘနာဇီဘူတို လုပ်ကြံခံရမှု စစ်သွေးကြွ မာဆွတ်ပတ်သက်မှုမရှိ

ပက်ရှ်ဝါ ဒီဇင်ဘာ ၃၀

အတိုက်အခံခေါင်းဆောင် ဘနာဇီဘူတိုလုပ်ကြံခံရမှုတွင် အယ်လ်ခိုင်ဒါအကြမ်းဖက်အုပ်စုနှင့် အဆက်အသွယ်ရှိသူ စစ်သွေးကြွဘေတူလာ မာဆွတ်ပါဝင်ပတ်သက်မှုမရှိကြောင်း ၎င်း၏ ပြောရေးဆိုခွင့်ရှိသူက စနေနေ့တွင်ပြောကြားသည်။

ဘူတိုလုပ်ကြံခံရမှုအတွက် မာဆွတ်တွင်တာဝန်ရှိသည်ဟု အစိုးရက သောကြာနေ့တွင် ပြောကြားသည်။ အယ်လ်ခိုင်ဒါအကြမ်းဖက် အုပ်စုသည် ပါကစ္စတန်နိုင်ငံ မတည်မငြိမ်ဖြစ်စေရန် လုပ်ဆောင်ခဲ့သည်။ ယင်းအုပ်စုသည် သမ္မတပါဗက်ဇ်မူရှာရက်ဖ်၊ ဝန်ကြီးချုပ်ဟောင်း ရှော်ခက် အဇစ်နှင့် ပြည်ထဲရေးဝန်ကြီးဟောင်း အတက်အာမက်ခန်ရှာပူးတို့အားလည်း လုပ်ကြံသတ်ဖြတ်ရန်ကြိုးပမ်းခဲ့ကြောင်း ပါကစ္စတန်အစိုးရကပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်ရေနံကို ထိန်းချုပ်ရန် အမေရိကန်ကြိုးပမ်းဟုဆို

ဒူဘိုင်း ဒီဇင်ဘာ ၃၀

အမေရိကန်နိုင်ငံသည်အီရတ်နိုင်ငံ၏ ရေနံကို ထိန်းချုပ်နိုင်ရန် ကြံစည်အားထုတ်နေကြောင်းအယ်လ်ခိုင်ဒါအဖွဲ့ခေါင်းဆောင် အိုစမာဘင်လာဒင်က စနေနေ့တွင် စွပ်စွဲလိုက်သည်။

အီရတ်နိုင်ငံတွင် အမျိုးသားညီညွတ်ရေး အစိုးရအဖွဲ့ဖွဲ့စည်းနိုင်ရန် အမေရိကန်နိုင်ငံက ကြိုးပမ်းနေမှုမှာ ယင်းနိုင်ငံ၏ရေနံကို ထိန်းချုပ်ထားနိုင်ရန် ရည်ရွယ်ဖော်ဆောင်မှုသာ ဖြစ်ကြောင်း ဘင်လာဒင်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကြေးမုံ
The Mirror
နိုင်ငံတကာ သတင်းများ

အစ္စရေးက ပါလက်စတိုင်း ၁၃ဦးကိုဖမ်းဆီး

ရာမာလာ ဒီဇင်ဘာ ၂၉

အစ္စရေးစစ်ဘက်တပ်ဖွဲ့ဝင်များက အင်္ဂါနေ့ညမှစတင်၍ ဂျော်ဒန်အနောက်ဘက်ကမ်းတစ်လျှောက် စစ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်စဉ်အတွင်း ပါလက်စတိုင်း ၁၃ဦးကို ထိန်းသိမ်းခဲ့ကြောင်း ပါလက်စတိုင်း လုံခြုံရေးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အစ္စရေး စစ်ဘက်တပ်ဖွဲ့ဝင်များက နာဘလုမြို့ရှိ အိမ်များသို့ အရုဏ်တက်အချိန်တွင် ဝင်ရောက်စီးနင်းပြီး ဒေသခံ ၁၀ဦးကို ဖမ်းဆီးခဲ့သည်။

တိုက်ခိုက်

ပါလက်စတိုင်း သေနတ်သမားများက အစ္စရေးလှည့်ကင်းကို ဗုံးများဖြင့် တိုက်ခိုက်ကြသည်။ သို့ရာတွင် ယင်းသို့ တိုက်ခိုက်ခဲ့စဉ်အတွင်း မည်သူမျှ ထိခိုက်ဒဏ်ရာ မရရှိခဲ့ကြပေ။

အခြားပါလက်စတိုင်း နှစ်ဦးသည် ကာကီယာမြို့တွင်အဖမ်းခံရပြီး တတိယလူကို ရာမာလာမြို့မှ ခေါ်ယူသွားသည်ဟု လုံခြုံရေးဌာနကပြောကြားသည်။

အစ္စရေးတပ်ဖွဲ့ဝင်များက ပါလက်စတိုင်း တက်ကြွလှုပ်ရှားသူများကို ဆက်လက်ရှာ ဖွေဖမ်းဆီးလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ထိုင်းနိုင်ငံ၌ ညွန့်ပေါင်းအစိုးရဖွဲ့မည်

ဗန်ကောက် ဒီဇင်ဘာ ၃၀

ထိုင်းနိုင်ငံတွင် ပြည်သူ့အာဏာပါတီ (ပီပီပီ)သည် ဒီဇင်ဘာ ၂၃ရက် အထွေထွေ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီးနောက် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရန်ပြင်ဆင်လျက်ရှိကြောင်း၊ ညွန့်ပေါင်းအဖွဲ့တွင် ပါဝင်ရန် အရေးပါသည့် အခြားပါတီတစ်ပါတီကို ဖိတ်ခေါ်ထားကြောင်း မီဒီယာသတင်းများတွင် ဖော်ပြသည်။

ပီပီပီပါတီဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့တွင်ပါဝင်ရန် ချတ်ထိုင်းပါတီက လက်ခံထားပြီးဖြစ်ကြောင်း ယင်းပါတီ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ချတ်ထိုင်းပါတီသည် ပူယာပန်ဒင်ပါတီနှင့် ပူးပေါင်းကာ ညွန့်ပေါင်းအဖွဲ့၌ ပါဝင်ရန် သဘောတူညီလိုက်ကြောင်း ချတ်ထိုင်းပါတီခေါင်းဆောင် ဘန်ဟန်းဆီလာပါချာ၏သားဖြစ်သူ ဝါရာဝတ်ဆီလာပါချာက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ထိုင်းနိုင်ငံ ချင်းမိုင်မြို့ ဆင်စခန်းမှ ဆင်လိမ္မာတစ်ကောင်ကို ဒီဇင်ဘာ ၂၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကင်ညာတွင် ဓားပြများသတ်ဖြတ်မှုကြောင့် အီတလီတစ်ဦး သေဆုံး

နိုင်ရိုဘီ ဒီဇင်ဘာ ၂၉

ကင်ညာနိုင်ငံ မာလင်ဒီမြို့ အရှေ့မြောက်ပိုင်း၌ ဒီဇင်ဘာ ၂၅ရက်က ဓားပြများက အီတလီအမျိုးသားတစ်ဦးကို သတ်ဖြတ်ခဲ့ကြောင်းကင်ညာနိုင်ငံသတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

အီတလီအမျိုးသားသည် ၎င်း၏ ဇနီးအိမ်သို့ ပြန်လာစဉ် မာလင်ဒီမြို့ ဆင်ခြေဖုံးတွင် လူဆိုးများက သတ်ဖြတ်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဓားပြများသည် အီတလီအမျိုးသားထံမှ မိုလ်ဘိုင်းဖုန်းနှင့်လက်ပတ်နာရီကို လုယူခဲ့ပြီး ၎င်းအား ပစ်သတ်ခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

➯ ကျောဖုံးမှ
အမေရိကန်ဒေါ်လာသန်း ၆၀၀ ရရှိရေးကို တာဝန်ပေးဆောင်ရွက်နေကြောင်းကိုလည်း ကြားသိရကြောင်း၊ ရေလုပ်ငန်းကဏ္ဍ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ရည်မှန်းချက်ကို ပြည့်မီမည်ဟု မျှော်လင့်ကြောင်း။

နိုင်ငံတော်ကို ဘက်စုံကဏ္ဍစုံက ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်း တည်ဆောက်သည့်နေရာတွင် နိုင်ငံတော်၏ ပထဝီအနေအထားနှင့် ရေသယံဇာတ၊ မြေသယံဇာတ အရင်းအမြစ် ကြွယ်ဝမှုများသည် ရေလုပ်ငန်း အခန်းကဏ္ဍအတွက် အလားအလာကောင်းများကို ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ ယင်းကြွယ်ဝသည့် သယံဇာတများကို အသုံးချပြီး မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ သားငါးကဏ္ဍဆိုင်ရာ ငါးနှစ်စီမံကိန်း ရည်မှန်းချက်များဖြစ်သော–

(၁) နိုင်ငံတော်အတွက် သားငါးထုတ်လုပ်မှု ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်၊
(၂) ပြည်တွင်း၌ သားငါးစားသုံးမှုဖူလုံစေပြီး ပိုလျှံသားငါးများကို ပြည်ပသို့ တင်ပို့ရောင်းချရန်၊
(၃) သားငါးကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများ ပိုမိုတိုးတက်ထွန်းကားလာစေရန်နှင့်
(၄) နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် တိရစ္ဆာန်နှင့်ငါး/ပုစွန်မွေးမြူ (ထုတ်လုပ်သူ)များ၏ လူမှုစီးပွားရေးအဆင့်အတန်း မြှင့်တင်ပေးရန်

ဆိုသည့် ရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ဦးဆောင် လမ်းညွှန်မှုကို ခံယူရင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် အဖွဲ့ချုပ်၏ ဦးဆောင်မှုအောက်တွင် ရှိသည့် လုပ်ငန်းဆိုင်ရာ အသင်းများ၊ ပြည်နယ်၊ တိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ်များ၊ ခရိုင်၊ မြို့နယ်အဆင့် အဖွဲ့အစည်းများအနေဖြင့် အားသွန်ခွန်စိုက် ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းအပ်ပါကြောင်း။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် ယခုကဲ့သို့ အခြေခံကောင်း၊ အလေ့အကျင့်ကောင်းများ ရရှိပြီးဖြစ်သည့်အတွက် နိုင်ငံတော်အကျိုး၊ တိုင်းရင်းသားပြည်သူများ၏ အကျိုးအတွက် ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နာယက၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အတွက် အလှူရှင်များဖြစ်ကြသည့် ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က ငွေကျပ် ၂၅သိန်း၊ မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းကိုယ်စား ဥက္ကဋ္ဌ ဦးညိုမင်း၊ ရွှေမိသားစုကုမ္ပဏီဥက္ကဋ္ဌ ဦးလှမောင်ရွှေ၊ ငွေဇာပုလဲကုမ္ပဏီဥက္ကဋ္ဌ ဦးသန်းလွင်၊ မင်းဇာနည်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးညိုမင်း၊ အမျိုးသားကြီးပွားတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်နှင့် ဆန်းမြန်မာ ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးမျိုးအောင်တို့က ငွေကျပ် ၁၀သိန်းစီ၊ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းကိုယ်စား ဥက္ကဋ္ဌ ဦးမောင်မောင်စိုးက ငွေကျပ် ခုနစ်သိန်းအပါအဝင် အလှူငွေစုစုပေါင်း ကျပ် ၁၅၂သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ မြို့တော်ဝန်နှင့် ဒုတိယ မြို့တော်ဝန်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ နာယက ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲတွင် ဟောပြောခဲ့ကြသည့် ပညာရှင်များကိုယ်စား ဦးရဲမြတ်သူအား အသင်းဝင်ဂုဏ်ပြုလက်မှတ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အသင်းသူ၊ အသင်းသားများ၏ သားသမီးများအနက် ပညာရည်ချွန်ဆုရရှိကြသူ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုတံဆိပ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော် ၂၀၀၇–၂၀၀၈ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ နာယက ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် ဥက္ကဋ္ဌ ဦးဌေးမြင့်တို့က ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ရောရှွေမြေ–အရှင်ဥတ္တမသိရီအထူးတရားပွဲ

ရန်ကုန် ဒီဇင်ဘာ ၃၀

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် သိရီရတနာကံဖေယျာကျောင်းတိုက် ပဓာနနာယက၊ ဒေးဒရဲမြို့ တောကျောင်းတိုက်နှင့် စိန္တာမုနိကျောင်းတို့၏ စီမံအုပ်ချုပ်မှုနာယက အဖွဲ့ဝင်ဆရာတော် ရောရှွေမြေ–အရှင်ဥတ္တမသိရီ [တက္ကသိုလ်ဓမ္မာစရိယ၊ မဟာ(ကျမ်းပြု)၊ မဟာဝိဇ္ဇာ[နှစ်ထပ်ကွမ်း](ကိုလံဘို)]သည် (၁၃၆၉ခု၊ နတ်တော်လပြည့်ကျော် ၁၁ရက်) ဇန်နဝါရီလ ၄ရက် (သောကြာနေ့)ညတွင် ရန်ကုန်တိုင်း တွံတေးမြို့ ကွမ်းခြံရပ်ကွက် ဆဋ္ဌမအကြိမ်သက်ကြီးပူဇော်ပွဲမဏ္ဍပ်၌ တရားဟောကြားမည်ဖြစ်သည်။ (က–ပ)

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ နာယက ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော် ၂၀၀၇–၂၀၀၈ တွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် နှစ်ပတ်လည်အစည်းအဝေးကို ဆက်လက်ကျင်းပသည်။

မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော် ၂၀၀၇–၂၀၀၈ကို "မြန်မာ့ရေထွက်ပစ္စည်းများ၏ ကောင်းခြင်း၊ ထူးကဲအရသာကို ပြည်တွင်းစားသုံးသူများ ပြည့်ပြည့်စုံစုံ သိရှိနိုင်စေရန်၊ ရေထွက်ပစ္စည်းများ စားသုံးခြင်းသည် ကျန်းမာရေးနှင့် ညီညွတ်ကြောင်းကို အများပြည်သူသိရှိလာပြီး အမျိုးသား ကျန်းမာရေးကဏ္ဍကို အထောက်အကူပြုစေရန်၊ နိုင်ငံတော်အတွင်း ရေထွက်ပစ္စည်းများ ထုတ်လုပ်မှု ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်တွင်းစားသုံးမှု ဖူလုံစေပြီး ပိုလျှံသားငါးများကို ပြည်ပသို့တင်ပို့ရောင်းချရန်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး၏ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ရေထွက်ပစ္စည်း ပို့ကုန်တန်ဖိုး ရည်မှန်းချက်ကို အထောက်အကူပြုရန်" ရည်ရွယ်ချက်များနှင့်အညီ ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။

မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော် ၂၀၀၇–၂၀၀၈ တွင် ငါးလုပ်ငန်းဦးစီးဌာနပြခန်းနှင့် ဦးစီးဌာနအောက်ရှိ အသင်းများ၏ပြခန်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ပြခန်းအပါအဝင် ပြခန်းပေါင်း ၂၃ခန်းနှင့် ဆိုင်ခန်းပေါင်း ၉၇ခန်းတို့ကို ဖွင့်လှစ်ပြသရောင်းချလျက်ရှိသည်။

အဆိုပါဈေးပွဲတော်ကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၄ရက်(လွတ်လပ်ရေးနေ့)အထိ နေ့စဉ် နံနက် ၉နာရီမှ ည ၁၀နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ပြည်သူတို့၏ စားဝတ်နေရေး ဖူလုံမှုရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် စက်မှုနိုင်ငံသို့ ကူးပြောင်းရန် လိုအပ်သောအရင်းအမြစ်များ ဖော်ထုတ်

နေပြည်တော် ဒီဇင်ဘာ ၃၀

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် ဒီဇင်ဘာ ၂၆ရက် နံနက် ၈နာရီခွဲတွင် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမ၌ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာန ကြိုတင်အားဖြည့် ကွန်ကရစ် ဇလီဖားစက်ရုံ (မုတ္တမ)တွင် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တွေ့ဆုံပွဲသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဇော်မင်း၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာ၌ ယခုအခါ နိုင်ငံတော်အစိုးရက ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသော နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို ဖွဲ့စည်းဆောင်ရွက်ခဲ့သကဲ့သို့ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသလုပ်ငန်းစဉ်ကြီး (၅)ရပ်ကို ချမှတ်အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်ထောင်စုကြီး တစ်ခုလုံး အကြားအလပ်မရှိ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားပြီး စီးပွားရေး၏ အခြေခံ လိုအပ်ချက်ဖြစ်သော ပြည်သူတို့၏ စားဝတ်နေရေး ဖူလုံမှုရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စက်မှုနိုင်ငံသို့ ကူးပြောင်းရန် လိုအပ်သော အရင်းအမြစ်များ ဖော်ထုတ်ပြီး စက်မှုဇုန်များ၊ စက်မှုလုပ်ငန်းများကိုလည်း အားပေးရမည်ဖြစ်ကြောင်း၊ လူမှုရေး ဦးတည်ချက် (၄)ရပ်ကို အခြေခံပြီး ပြည်သူတို့၏ အတွေးအခေါ် မြင့်မားလာစေရန်နှင့် ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံအပေါ် သစ္စာရှိအောင် တာဝန်ရှိသူများက ထိန်းညှိပေးရန်လိုအပ်ကြောင်းဖြင့် မှာကြားပြီး တွေ့ဆုံပွဲကို ရပ်သိမ်းလိုက်သည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် နံနက် ၁၁နာရီတွင် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမ၌ မွန်ပြည်နယ် ပြည်နယ်အဆင့် လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်နယ်အဆင့် လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများက အသင်းအဖွဲ့အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ အသင်းဝင်များအနေဖြင့် အသင်း၏ အခြေခံစည်းမျဉ်းများကို အလေးထားဆောင်ရွက်ရေး၊ လက်တွေ့ပါသော ပြည်သူ့အကျိုးပြု လုပ်ငန်းများကို ဆောင်ရွက်ရေးတို့ကို အကျယ်တဝင့် မှာကြားသည်။

ထိုမှတစ်ဆင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ပေါင်မြို့နယ် မုတ္တမမြို့ရှိ မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာန ကြိုတင်အားဖြည့် ကွန်ကရစ် ဇလီဖား စက်ရုံ(မုတ္တမ)သို့ ရောက်ရှိပြီး စက်ရုံအတွင်း တည်ဆောက်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ် သထုံမြို့သို့ ရောက်ရှိကြကာ သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ သထုံခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံ၍ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မူခင်းကျဆင်းရေး၊ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ အောင်မြင်ရေး၊ ဒေသတွင်း ဆန်ဖူလုံသကဲ့သို့ စားသုံးဆီဖူလုံရေး၊ ဒေသရာသီဥတုနှင့် ကိုက်ညီသည့် ဆီထွက်သီးနှံများ စိုက်ပျိုးရေးတို့ကို အကျယ်တဝင့် မှာကြားပြီး အစည်းအဝေးကို ရပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အလက(၁)တာမွေ ရွှေရတုနှင့် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၀

ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၏ နှစ် (၅၀)ပြည့် ရွှေရတုနှင့် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၅ရက်တွင် ကျင်းပမည်ဖြစ်သည်။

မြတ်ဆရာပူဇော်ပွဲအတွက် အလှူငွေပါဝင်လှူဒါန်းလိုသူများသည် ကျောင်းအုပ်ဆရာကြီး ဦးမြင့်သိန်း ဖုန်း–၅၅၄၁၇၅နှင့် ၅၆၃၄၂၄၊ ဆရာမ ဒေါ်အေးမြင့်ကြည် ဖုန်း–၅၅၄၁၇၅၊ ဦးထွေးစံဖြူ ဖုန်း–၀၉၅၁–၆၂၀၃၈၊ ဦးသိန်းနိုင် ဖုန်း–၅၅၅၁၇၇၊ ၀၉၅၁–၄၁၉၇၇၊ ကိုဝင်းနိုင် ဖုန်း–၀၉၅၁–၇၃၃၇၂နှင့် ဒေါ်တင်မမနိုင် ဖုန်း–၅၅၄၃၆၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၁–၁၂–၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
- ၈း၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၂၅ ၇။ ပေါက်တံတား(ရေပြာ)နှင့် ပေါက်တံတား(အုန်းတော)
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ Grammar Made Easy.
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ Practice in Reading.
- ၄း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ်(အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
- ၅း၀၀ ၅။ အကပဒေသာ
- ၅း၁၀ ၆။ မြန်မာစာ၊ မြန်မာစကား
- ၅း၂၅ ၇။ **"လုံလုံလုံ" (ဖိုးညာဏ်၊ မေကဗျာ) (ဒါရိုက်တာ– မလိခစိုးထိုက်အောင်)**
- ၅း၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ အဆိုအကများ
- ၅း၃၅ ၉။ နှစ်(၆၀)လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၆း၄၅ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မြူခိုးဝေဝေ ချစ်သက်တည်" (အပိုင်း–၁၀)**
- ၇း၄၀ ၁၅။ **အချုပ်အခြာအာဏာခွန့်ရှည်ကြာခိုင်မာစေမှု ဒို့ရေးရှု [နှစ်ဆယ့်လေးမည် ရောင်စုံပွင့်လန်း အလှပန်း] (အပိုင်း–၂)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်စေတမန်" (အပိုင်း–၁၂)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

ကဗျာအလှ စာအလှများ

ပြင်ဦးလွင် ခင်နှင်းမေ

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လွတ်လပ်ရေးရခဲ့သည်။ လွတ်လပ်သော လူမျိုးနှင့် အမျိုးသားအချုပ်အခြာအာဏာ ပိုင်စိုးသောနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် တင့်တယ်ခဲ့သည်။ နှစ်ပေါင်းခြောက်ဆယ်ကာလမျှ တိုင်းပြည်ကို တိုးတက်ဖွံ့ဖြိုးအောင် ပြည်သူအပေါင်းသည် သောင်းသောင်းဖြဖြ ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည်။ နိုင်ငံတော်၏ အတိတ်ခရီးတွင် အကောင်းအဆိုးအမျိုးမျိုးတို့ကို ဖြတ်သန်းခဲ့ရသည်။ ပြည်သူတို့သည် အကျိုးအပြစ်တို့ကို စံစားခံစားခဲ့ကြရလေသည်။ ရှေ့ဆက်ရမည့်ခရီးအတွက် သတိထားစရာ၊ စဉ်းစားစရာ၊ ဆင်ခြင်သုံးသပ်သင်ခန်းစာယူစရာတို့ကို စာဆိုတို့က ကဗျာများ သီကုံးရေးဖွဲ့ခဲ့ကြသည်။ မွေးလည်းမွှေးသော ရောင်စုံအဆင် အသွေးအမျိုးမျိုးနှင့် လှလည်းလှသော ပန်းစုံတော ဥယျာဉ်သဖွယ် ကဗျာအလှ စာပေနယ်ကား ကျယ်ပြောရှုမောဖွယ်ပါတည်း။

စာပေမြတ်နိုးသူ ကဗျာဖတ်သူတစ်ဦးအနေဖြင့် ကျွန်မနှစ်သက်ရာ ကဗျာအချို့ကို ကူးယူထားသော ကဗျာမှတ်စုစာအုပ်မှ ကောက်နုတ်ဖော်ပြ၍ တင်ဆက်ပါရစေ။ ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် နေ့ထူးနေ့မြတ် လွတ်လပ်ရေးနေ့ကို အမှတ်တရ ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် ဖြစ်ပေသည်။ စာဖတ်သူများလည်း မိမိနည်းတူ ဖတ်ခဲ့ဖူးပြီးသားတွေ ဖြစ်နိုင်လောက်လေသည်။ ကျွန်မတို့ရင်ထဲမှာ စွဲထင်နေစေသော ကဗျာလင်္ကာအချို့ကို ရွေးချယ်တင်ပြခြင်းဖြစ်ပါသည်။

ဦးစွာပထမ ကျွန်မတို့ မကြာခဏ ရွတ်ဆိုကိုးကားပြောဆိုနေကြသော ဆရာဇော်ဂျီ (၁၉၀၇–၁၉၉၀)၏ သင်သေသွားသော်အမည်ရှိ ကဗျာကို ဖော်ပြမည်ဖြစ်ပါသည်။ ကျွန်မတို့တစ်တွေ သတိမူသင့်သောအချက်များကို စာဆိုရှင် အသက်နှစ်ဆယ်ကျော်အရွယ်ကပင် အမြော်မြင်ကြီးစွာ စပ်ဆိုသီကုံးရေးဖွဲ့ခဲ့ပါသည်။ ဖတ်ရှုကြည့်ပါ။

သင်သေသွားသော်

သြော်...လူ့ပြည်လောက လူ့ဘဝ
အိုရ၊ နာရ၊ သေရဦးမည်
မှန်ပေသည်တည်း။
သို့ တပြီးကား၊ သင်သေသွားသော်
သင်ဖွားရာမြေ၊ သင်တို့မြေသည်
အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏။
သင်၏မျိုးသား၊ စာစကားလည်း
ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်၏။
သင်ဦးချ၍၊ အမျှဝေရာ၊ စေတီသာလျှင်
သစ္စာအရောင်၊ ဥာဏ်တန်ဆောင်လည်း
ပြောင်လျက် ဝင်းလျက် ကျန်စေသတည်း။

ဇော်ဂျီ (၁၉၃၅ခုနှစ်)

ဤကဲ့သို့သော သဘောထားအမြင်ရှိသော ကဗျာလင်္ကာများသည် စာဆိုများစွာက ရှုထောင့်အမျိုးမျိုး၊ အဖွဲ့အနွဲ့အမျိုးမျိုးဖြင့် မရိုးနိုင်အောင် လှုံ့ဆော်ရေးသားသဖြင့် များစွာရှိကြပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၀ကျော်က ဖော်ပြခဲ့သည့် ကဗျာဆရာမနုသဇင်၏ "စေတနာ" အမည်ရှိ ကဗျာတစ်ပုဒ်ကိုသာ နမူနာရွေးထုတ်တင်ပြပါရစေ–

စေတနာ

ရေတွင်းကန်သာ၊ တူးဖော်ပါသည်
ငါသုံးဖို့ချည်း၊ မဟုတ်ပါ။
သီးစားပင်များ၊ စိုက်ပျိုးထားသည်
ငါစားဖို့ချည်း မဟုတ်ပါ။
သူငါအများ၊ ဝေမျှစားသုံးကြဖို့ပါ။
ဗွက်ထလမ်းမှာ၊ ကျောက်ခင်းပါသည်
ငါနင်းဖို့ချည်း မဟုတ်ပါ။
ရေတွင်းရေကန်၊ သီးနှံစားပင် လမ်းလျှင်မပျက်
စဉ်ဆက်သုံးစား၊ နှစ်ရှည်လျားအောင်
ဝေမျှစားယူ၊ ငါနှင့်တူပင် ကူညီဝိုင်းစု
ထိန်းသိမ်းမှုကို၊ ပြုစေလို၏။
ညီညာအတူ၊ လုပ်ငန်းဟူက နိုးတက်ကြွလျက်
နေ့ညမဆို၊ နားမခိုပြီ
တို့ကိုယ်ပန်း၍၊ နွမ်းစေတော့။
တို့များချွေတာ၊ ချွေးနည်းစာလည်း
လိုရာသုံး၍ ကုန်စေတော့။

နုသဇင်

ပြည်သူအားလုံးတို့သည် တိုင်းပြည်ကို တိုးတက်ဖွံ့ဖြိုးအောင် တက်ညီလက်ညီ လှော်ခတ်ခဲ့ကြပါသည်။ တိုင်းရင်းသားအားလုံးတို့သည် အေးအတူပူအမျှ ကြုံတွေ့သမျှသော အခြေအနေတိုင်းမှာ စည်းလုံးညီညွတ်စွာ လက်တွဲကြိုးပမ်းခဲ့ကြပါသည်။ အထိုက်အလျောက်လည်း ခရီးပေါက်ခဲ့ပါသည်။ အတန်အသင့်လည်း ဖွံ့ဖြိုးတိုးတက်ခဲ့ပါပြီ။ သို့သော် တစ်ယောက်မကျန် စိတ်အားထက်သန် ဇွဲအားမာန်နှင့် အပြည့်အဝ ပါဝင်တည်ဆောက်ကြသည်ဟုတော့ လွန်ကဲစွာဆိုရန် မသင့်ပေ။ မှန်သည့်အတိုင်း ဝန်ခံရလျှင် စုန်ပြုးတွေလည်းပါသေးသည်။ ဆွမ်းဆန်ထဲတွင် မရှိသင့်သောအရာ အနည်းငယ်လည်းပါခဲ့သည်။ စိန်ကောင်းကျောက်ကောင်းရောင်းဝယ်ရာတွင် ကန့်လန့်ကန့်လန့်လုပ်သူတွေလည်း သမိုင်းအကွေ့အချို့တွင် တွေ့မြင်ကြရသည်။ ထိုအခါ စာဆိုကဗျာဆရာတို့သည် လက်ပိုက်ကြည့်မနေ၊ ဝေဖန်ထောက်ပြ သတိပေး ရေးသားခဲ့ကြပါသည်။ ငွေတာရီမဂ္ဂဇင်းပါ ကဗျာနှစ်ပုဒ်ကိုကြည့်ပါ–

လူပိုကြီး

ကြိမ်တစ်လုံးမျှ၊ သုံးပါယူပါ၊ မပေးချေ
ဝါးတစ်ခြမ်းမျှ၊ ပေးကမ်းမကူညီပါပေ
နှီးတစ်မျှင်မျှ၊ ဝင်ရောက်ချည်နှောင်မကူချေ။
ချွေးတစ်စက်မျှ၊ ပေါင်းဖက်မပါဝင်ခဲ့ပေ။
ရွာလူအများ၊ စုစည်းအားဖြင့်
ကြိုးစား၍ခင်း၊ တံတားကျဉ်းပေါ်
သွားရင်း လာရင်း၊ သိမ်ဖျင်းစကား၊ သူပြောကြားသည်
တံတားကလေး ကျဉ်းလွန်းသတဲ့။

မနုဿကျော်ဝင်း

ကိုလူညာကြီး

တိုင်းပြည်အတွက် သူ့အသက်ကို ပေးဆပ်ချင်ပါသတဲ့။
လူမျိုးအတွက် သူ့အသက်ကို ပေးဆပ်ချင်ပါသတဲ့။
တဖောင်ဖောင်ပြော၊ သူမမောနိုင်
စိတ်ဓာတ်တက်ကြွ၊ ဟန်ရေးပြ၍
လူစလူရေး၊ ကိုယ်ရည်သွေးလည်း
ရပ်ရေးရွာမှု၊ ရိုင်းပင်းပြုသည့်
ပေါင်းစုလုပ်အား၊ လူအများတွင်
သူကား ရှောင်ဖယ် မြဲတကား။

အောင်လူသစ်

အထက်ပါ လူပိုတွေ လူညာ လူလိမ်တွေကြောင့် ပြည်သူတွေမှာ မလိုအပ်ဘဲ ဆင်းရဲကြရသည်။ အပို ပင်ပန်းကြရသည်။ သူများတိုင်းပြည်များ အချိန်ကာလ အနှစ်သုံးဆယ်လောက်အတွင်း သိသာစွာ တိုးတက်ဖွံ့ဖြိုးသွားချိန်တွင် အဖျက်သမားအချို့က ကတ်ဖဲ့ရပ်ဖဲ့လုပ်နေကြသဖြင့် ခရီးရောက်သင့်သလောက် မရောက်၊ ခရီးတွင်သင့်သလောက် မတွင်ခဲ့။ ထို့ကြောင့် ၂၀၀၆ ခုနှစ် အောက်တိုဘာလထုတ် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းမှာ ကဗျာဆရာတစ်ယောက်က စေတနာဖြင့် ဤသို့ သတိပေးသည်–

ရှက်တတ်ကြဖို့ လိုပါသည်

မရှိတာထက် မသိတာခက်သည်လေ
မရှိတာ အပြစ်သဘောအနေနဲ့ မပြောကြပေ
အသိတရားမဲ့ရင်တော့ ရှိထားတဲ့ဘဝတွေ...
အလှဝေဖို့ ခက်ပေစွ။
ကိုယ့်ကိုယ်ကိုယ် ငါဘယ်လိုလူစားရယ်လို့
ခွဲခြားဝေဖန်ကာပ အသေအချာတွက်ကာချင့်၍
ရှက်သင့်ရင် ရှက်ဖို့အရေး တွေးတတ်ပါမှ။ ။

ဘော်ဘော်(သလ္လာ)

၁၉၆၁ ခုနှစ် စက်တင်ဘာလထုတ် နဝဒေးမဂ္ဂဇင်းတွင် ကဗျာဆရာ ရဝေရှင်ဘုန်းက မကောင်းမြင်ဝါဒ တရားသေ ဆုပ်ကိုင်နေကြသူ ထိုလူစားများကို ခပ်ဆတ်ဆတ်လေး သတိပေးသည်။ နှစ်ပေါင်းလေးဆယ်ကျော်လာခဲ့သည့်တိုင် အပြုသဘော ရှုမြင်နိုင်ခြင်းမရှိဘဲ တစ်ဖက်သတ် အဆိုးမြင်ဝါဒီတွေကား အနည်းအပါးရှိနေဆဲဟု ထင်ရသည်။ ထိုသူအချို့က ပြည်သူများအား ဒုက္ခပေးနေသည်။ ဒုက္ခပေးသော ထိုလူများခမျာလည်း တူညီသောအကျိုးကိုရကာ ဒုက္ခကိုသာ ရရှိနေရရှာသည်။

ဒုက္ခပေးက ဒုက္ခရတတ်သည်ကို ထိုလူတစ်စုမသိ။ မိုက်လိုက်ပါဘိ။

တစ်ဖက်ကန်းအမြင်

သူလည်းမတတ်၊ တတ်လည်းမလုပ်
လုပ်လည်းမမှန်၊ မှန်လည်းမသိ
သိလည်းမကျင့်၊ ကျင့်လည်းခဏ
ထိုလူအ က၊ လောကလူပေါင်း
လုပ်ဆောင်ကြောင်းကို၊ အကောင်းမထင်
မကောင်းမြင်၍၊ ပြစ်တင်စကား၊ ပြောဆိုကြားသည်
သူကားတစ်ဖက် ကန်းသောကြောင့်။ ။

ရဝေရှင်ဘုန်း

အမျိုးသားစာပေဆုရ ကဗျာဆရာ မြေလတ်မောင်မြင့်သူ၏ ကဗျာများသည် ကာရန်ပြေပြစ်လှပသကဲ့သို့ သူ၏စေတနာစိတ်ရင်းအလှကိုလည်း မြင်တွေ့ခံစားရသည်။ နှစ်သက်မိပါသည်။ ၁၉၇၅ခုနှစ် မတ်လထုတ် ငွေတာရီမဂ္ဂဇင်းတွင်ဖော်ပြခဲ့သော ဆရာ၏ကဗျာတစ်ပုဒ်ကို မမေ့နိုင်အောင်စွဲပါ၏။

တွဲလက်ညီညီ

သူငယ်ချင်း–မင်းကိုယုံစား၊ ရှေ့ကထားလည်း
မားမားရဲတောက်၊ ဆက်မလျှောက်ဘဲ
နောက်ကငါ့ကို၊ မယုံကြည်။
သို့မဟုတ်ပြား၊ နောက်ကိုသွားဟု
ထားပြန်လျှင်လဲ၊ မင်းရင်ထဲက
လွန်ကဲအတ္တ၊ သံသယနှင့်၊ ရှေ့ကငါ့ကို မနာလို။
သည်မှာရောင်းရင်း သူငယ်ချင်း
မင်းလဲပြည်သူ၊ ဘဝတူမို့
ဝိုင်းကူတည်ဆောက်၊ လမ်းသစ်ဖောက်လော့။
တို့ဖောက်သည့်လမ်း၊ ကြမ်းချင်ကြမ်းစေ
ပင်ပန်းမျိုးစုံ၊ ကြုံချင်ကြုံစေ
ရင်ခုန်လှိုက်လှဲ၊ မကြေကွဲနှင့်
အားခဲမာန်ခဲ၊ သတ္တိဓွဲဖြင့်
လက်တွဲညီညီ ချီပါစို့။ ။

မြေလတ်မောင်မြင့်သူ

ရှေ့ကလည်းမနေ၊ နောက်ကလည်းမလိုက်၊ ဘေးတိုက်ကတ်သတ်။ ဖွံ့ဖြိုးအောင် လုပ်သမျှတားဆီး၊ တိုးတက်မှုဟူသမျှကို ပိတ်ပင်၊ အောင်မြင်မှုဟူသမျှကိုချေဖျက်၊ နိုင်ငံသူနိုင်ငံသားတို့၏ ဂုဏ်သိက္ခာနှင့် တိုးတက်မှုကိုမလိုလားသော အဖျက်သမားအချို့သည် ရှိနေသေးသည်။ သူတို့၏ စိတ်နှလုံးကိုပြင်သင့်သည်မှာ ကြာပါပြီ။ ၁၉၉၄ ခုနှစ် စက်တင်ဘာလထုတ် ပန်းဝေသီမဂ္ဂဇင်း၌ ဖော်ပြခဲ့ဖူးသော ဆရာမောင်သင်းဝေ၏ ကဗျာတစ်ပုဒ်ကို ကျွန်မ ကူးယူထားခဲ့ဖူးပါ၏။ ကြိုက်နှစ်သက်၏။ စာဖတ်သူ ဖတ်ကြည့်စေလိုပါသည်။

မှန်ကြည့်ရအောင်

အမှန်သိဖို့ မှန်ကြည့်ဖို့လိုနေပြီ။
အပြုံးလှလှပြင်လို့ မှန်တင်ခုံနားကပ်ကြည့်
ပီတိတွေမွေးဖွား သနပ်ခါးလူးချင်လူး
နဖူးဆံစ သလိုသ လှပဖို့ပြင်ဆင်
နေ့စဉ်ဝတ္တရားပလေ။
မဲ့ခြောက်ရှိမရှိ ဝက်ခြံရှိမရှိ ကြေးညှော်ရှိမရှိ
မှန်ကြည့်ပြီးပြင်ဆင် လူရာဝင်ဖို့ကြိုးစား
လူကြားသူကြားသွားဖို့ရာ ဆိုလာဆွတ်ချင်ဆွတ်
အဝတ်အစားလှအောင်လဲ ပွဲတိုးဖို့တဲ့ကွယ်။
လောဘ၊ ဒေါသ၊ မောဟ အတ္တဖုံးနေတဲ့အတွင်းသဏ္ဍာန်
မှန်ထဲမှာ ပေါ်မလာ။
နှလုံးသားလှမလှ မှန်ထဲက ပြမလား
ပြဒါးပေါ်က အရိပ်ကိုကြည့် ပီတိဖြစ်ဖို့အသာထား
တရားမှန် ဆင်ခြင်သုံး စိတ်နှလုံးပြင်သင့်ပြီ။ ။

မောင်သင်းဝေ

လူဆိုသည်က အမျိုးမျိုး၊ ရိုးသူကရိုး၏၊ ဆန်းသူကဆန်း၏။ ကိစ္စမရှိ။ လူမိုက်၊ လူဆိုး၊ လူကောင်း၊ လူတော်၊ ပြည်သူပေါင်းများစွာ အနက်တွင်မိုက်မဲဆိုးညစ်သူကား မဖြစ်စလောက်မျှသာ အနည်းအပါးသာ။ သို့ရာတွင် အမြင်မတူ အသွင်မတူသူချင်း ဆက်လက်ပြီး ခရီးဆက် ရဦးမည်ကား သေချာသည်။ စရိုက်ချင်းမတူလျှင် ကြုံရတတ်ပုံအား ၁၉၉၇ ခုနှစ် မေလထုတ် မြဝတီမဂ္ဂဇင်းတွင် ကဗျာဆရာ ရွှေဒါးမောင်လေးရည် ရေးသားချက်အား သတိတရ ပြန်ကာပြန်ကာ ဖတ်မိ၏။ လွန်ခဲ့သောဆယ်နှစ်ကျော်ကပင် သဘောကျခဲ့ရ၏။

လောကထဲက မနက်ဖြန်

ငါအပင်စိုက်၏၊ စိုက်သည့်အပင်၊ ဖွံ့ဖြိုးရှင်လျက်
စိုလွင်ခက်ဖား၊ သီးပွင့်ထွားဖို့၊ မြေသားပြုပြင်
ရေစင်သွန်းလောင်း၊ ပေါင်းမြက်သင်လျက် ဝတ်မပျက်။
သူ အပင်မစိုက်လည်း၊ အမြိုက်သြဇာ၊ ချိုစွာသစ်သီး
ကိုက်ပြီးစားသုံး၊ အပြုံးချိုရွှင်၊ ခံစားချင်သည့်၊ စိတ်ဓာတ်ရှိ။
ငါ...စားဖို့မကြည့် စိုက်ဖို့သိ။
သူ...စိုက်ဖို့မသိ စားဖို့ကြည့်။
သူနှင့်ငါ၊ ဝါသနာမတူ၊ စိတ်ဓာတ်မှုကွဲ
လောကထဲမှာ၊ သွားလာရှင်သန်၊ ခရီးကျန်
ဆက်ရန်များစွာ ရှိသေးသည်။

ရွှေဒါးမောင်လေးရည်

ကျွန်မ၏ရင်ထဲအထိ စွဲငြိခဲ့သောကဗျာများစွာအနက်မှ နှစ်သက်လှသော ကဗျာအလှ၊ စာအလှများကို ဖော်ပြခဲ့ပါသည်။ နိဂုံးချုပ်အနေဖြင့် အမရပူရမဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ ရေးသားတော်မူခဲ့သော သတိထားအပ်သည့် စာတစ်ပိုဒ်ကို လက်ဆောင်မွန်အဖြစ် ဝေငှအပ်ပါသည်။ တရားမျှတခြင်းနှင့် စည်းကမ်းလိုက်နာခြင်းတို့ရှိပါမှ ဖွံ့ဖြိုး တိုးတက်ကြပေမည်။

"ဓမ္မသည် မျက်စိနှင့်တူ၍ ဝိနယသည် ခြေနှင့်တူသည်။ မျက်စိပါမှ လိုရာသို့ ခရီးလှမ်းနိုင်မည်ဖြစ်သည်။ ခြေသန်ပါမှ လိုရာခရီး သွားနိုင်မည်ဖြစ်သည်"

အရှင်ဇနကာဘိဝံသ(၁၉၀၀–၁၉၇၇)

ကျွန်မတို့ကို ယခုလို စာပေမြတ်နိုးတတ်သူ၊ စာဖတ်သူ၊ ဗဟုသုတ ရှာမှီးသူများဖြစ်လာအောင်၊ စာဖတ်ချင်ရလာခဲ့အောင် အခမဲ့စာအုပ်များ ဖတ်ခွင့်ပြုခဲ့သော ပြင်ဦးလွင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်မှ စာကြည့်တိုက်မှူးနှင့် ဝန်ထမ်းများအား ကျေးဇူးအထူးတင်ပါကြောင်း ဖော်ပြအပ်ပါသည်။ ကဗျာစာဆိုများအား ဖော်ပြဂုဏ်ပြုခွင့်ရသဖြင့် ကျေးဇူးတင်ပါသည်။ ။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြု

ကချင်ပြည်နယ်ရှိ ဒေသခံ တိုင်းရင်းသား လူငယ်များ အဆင့်မြင့်နည်းပညာရပ်များ သင်ကြားနိုင်ရန်အတွက် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် နည်းပညာတက္ကသိုလ် (မြစ်ကြီးနား)။

ကယားပြည်နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ အဆင့်မြင့်ပညာရပ်များကို ဒေသအတွင်း၌ပင် လက်လှမ်းတမီ သင်ကြားနိုင်ရန်အတွက် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် လွိုင်ကော်တက္ကသိုလ် ပင်မ ကျောင်းဆောင်သစ်ကြီး၏ ညရှုခင်းအလှကို ဤသို့ ခံညားစွာ တွေ့ရသည်။

၂၀၀၇ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း ပညာသင်ယူမှုအခွင့်အလမ်း ဖြစ်ထွန်းတိုးတက်မှု မှတ်တမ်း

စဉ်	တက္ကသိုလ်/ကောလိပ်/ကျောင်း	တည်နေရာ	ဖွင့်လှစ်သည့်နေ့
၁	သိပ္ပံနှင့်နည်းပညာအောက်ရှိ ကောလိပ်၄၉ခု အား တက္ကသိုလ်အဖြစ်သို့ အဆင့်တိုးမြှင့်	နိုင်ငံတစ်ဝန်း	၁၉-၁-၂၀၀၇
၂	အစိုးရစက်မှုလက်မှုသိပ္ပံ (၄)ခုအား နည်းပညာကောလိပ်အဖြစ်အဆင့်တိုးမြှင့်	မိုးညှင်းမြို့နယ် ရွှေဘိုမြို့နယ် စစ်ကိုင်းမြို့နယ် မြင်းခြံမြို့နယ်	၁၉-၁-၂၀၀၇
၃	ပညာရေးဌာနအောက်ရှိ ဒီဂရီကောလိပ် (၃)ခုအား တက္ကသိုလ်အဆင့်တိုးမြှင့်	ဗန်းမော်မြို့နယ် လားရှိုးမြို့နယ် ကျိုင်းတုံမြို့နယ်	၁၉-၁-၂၀၀၇
၄	လားရှိုးတက္ကသိုလ်ဖွင့်	ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့	၂၀-၁-၂၀၀၇
၅	ကျိုင်းတုံတက္ကသိုလ်ဖွင့်	ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့	၂၅-၁-၂၀၀၇
၆	နည်းပညာတက္ကသိုလ်(မုံရွာ)ဖွင့်	စစ်ကိုင်းတိုင်း မုံရွာမြို့	၂၆-၁-၂၀၀၇
၇	လွိုင်ကော်တက္ကသိုလ်ပင်မဆောင်ဖွင့်	ကယားပြည်နယ် လွိုင်ကော်မြို့	၅-၈-၂၀၀၇
၈	ကြံတောမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ	ဧရာဝတီတိုင်း အင်္ဂပူမြို့	၁၇-၉-၂၀၀၇
၉	ကျေးသမြှား အခြေခံပညာအလယ်တန်း ကျောင်းဆောင်သစ်ဖွင့်	စစ်ကိုင်းတိုင်း ပုလဲမြို့	၂၁-၉-၂၀၀၇
၁၀	မူလတန်းလွန်ကျောင်းဆောင်သစ်ဖွင့်	စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် ကံသာကျေးရွာ	၂၂-၁၂-၂၀၀၇

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ တိုင်းရင်းသားလူငယ်များ အဆင့်မြင့်နည်းပညာ သင်ယူနိုင်မှု အခွင့်အလမ်းများ ရရှိစေရန် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် နည်းပညာတက္ကသိုလ်(လားရှိုး) အဆောက်အအုံကြီးကို တွေ့ရစဉ်။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

လွတ်လပ်ရေးအားမာန်ဖြင့် နှစ်သစ်ကိုကြိုဆို

၂၀၀၇ ခုနှစ်ဟာ အခက်အခဲပေါင်း သောင်းခြောက်ထောင်ကို ၂၀၀၈ ခုနှစ် ကမ္ဘာကြီးအတွက်ချန်ရစ်ပြီး ထွက်ခွာသွားတော့မှာ ဖြစ်ပါတယ်။ ခရစ်ယာန်ဘာသာဝင်တွေအတွက် နှစ်သစ်ကူးချိန်ဟာ ပျော်ပွဲရွှင်ပွဲကြီး ဖြစ်သလို ကမ္ဘာသုံးပြက္ခဒိန် ဖြစ်နေလို့လည်း တစ်ကမ္ဘာလုံး ပျော်ကြရွှင်ကြနဲ့ အုန်းအုန်းကျွက်ကျွက် ဖြစ်နေကြမှာပါ။ တချို့နိုင်ငံတွေမှာဆိုရင် ပျော်ကြရွှင်ကြနဲ့ အပျော်လွန်ပြီး ယာဉ်တိုက်မှုတွေ အများကြီးဖြစ်လို့ သေကြကျေကြတာလည်း ကြားဖူးပါရဲ့။ မြန်မာ့ရိုးရာနှစ်ကူးလည်းမဟုတ်၊ ခရစ်ယာန်ဘာသာဝင်လည်း မဟုတ်ဘဲနဲ့ အပျော်ကြိုက်တဲ့ မြန်မာတွေလည်း ၂၀၀၈ ခုနှစ်ကို ပျော်ပျော်ပါးပါးပဲ ကြိုဆိုကြမှာပါ။

တကယ်တော့ ဇန်နဝါရီလ ၁ ရက်နေ့ဆိုတာ မြန်မာတွေအတွက် အသည်းနာစရာကောင်းလှတဲ့ နေ့ကြီးတစ်နေ့ပါ။ ၁၈၈၆ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့မှာ အိန္ဒိယဘုရင်ခံချုပ်လော့(ဒ်)ဒပ်ဖရင် (Lord Dufferin)က "မြန်မာပြည်ကို ဗြိတိသျှအင်ပါယာအတွင်းကို သွတ်သွင်းလိုက်ပြီ" လို့ ကြေညာခဲ့ပါတယ်။ တချို့ကလည်း ဒပ်ဖရင်က မြန်မာပြည်ကို ဗြိတိသျှဘုရင်မကြီးအတွက် နှစ်သစ်ကူးလက်ဆောင်အဖြစ် ၁၈၈၅ခုနှစ် ဒီဇင်ဘာလ ၃၁ရက်နေ့ ညသန်းခေါင်ယံ (၂၄၀၀) နာရီတိတိမှာ ပေးလိုက်တယ်လို့ ဆိုကြပါတယ်။ ပြန်တွေးကြည့်လိုက်တော့ ကမ္ဘာ့နှစ်သစ်ကူးနေ့ဟာ မြန်မာတွေ ကျွန်ဖြစ်ခဲ့ရတဲ့နေ့ကြီး ဖြစ်နေပါတော့တယ်။

နယ်ချဲ့ဗြိတိသျှတွေဟာ အလောင်းမင်းတရားကြီး လက်ထက်ကတည်းက ဟိုင်းကြီးကျွန်းအရေးအခင်းမှာစပြီး နယ်ချဲ့ဖို့သွေးတိုးစမ်းခဲ့တာပါ။ ဒါပေမယ့် မြန်မာတို့က အဲဒီ သွေးတိုးစမ်းမှုကို အပြတ်ရှင်းပစ်နိုင်ခဲ့တယ်။ အဲဒီကာလတွေတုန်းက မြန်မာနိုင်ငံဟာ အင်မတန် အင်အားတောင့်တင်းတဲ့နိုင်ငံကြီး ဖြစ်နေတဲ့အပြင် အလောင်းမင်းတရားရဲ့သားတော် ဆင်ဖြူရှင်မင်းလက်ထက်မှာဆိုရင် မြန်မာနိုင်ငံရဲ့ နယ်နိမိတ်ဟာ အရှေ့တောင်အာရှမှာ အကျယ်ဝန်းဆုံး ဖြစ်ခဲ့ပါတယ်။ ဒီလိုနဲ့ပဲ နယ်ချဲ့တွေဟာ ကျားက သမင်ကို လိုက်ချောင်းသလို ကုန်းဘောင်မင်းဆက်တစ်လျှောက်လုံး ချောင်းနေခဲ့တာပါ။

အခု အိန္ဒိယနိုင်ငံထဲရောက်နေတဲ့ အာသံပြည်၊ မဏိပူရပြည်၊ အက္ကပတ်ပြည်တွေဟာ မြန်မာဘုရင်ကို အခွန်ဆက်သရတဲ့ လက်အောက်ခံနယ်ပယ်တွေ ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် မြန်မာတွေက သွားပြီးအုပ်ချုပ်နေတဲ့ ဒေသတွေမဟုတ်ဘဲ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေပါ။ ၁၈၁၆ခုနှစ်မှာ တစ်ကြိမ်၊ ၁၈၁၈

သံအိမ်မှူး

ခုနှစ်မှာ တစ်ကြိမ် အာသံမှာ ထောင်ထားခြားနားမှုတွေပေါ်ခဲ့လို့ မြန်မာတပ်တွေ ချီတက် နှိမ်နင်းခဲ့ရပါတယ်။ ဒီထောင်ထားခြားနားမှုတွေ ဘယ်ကစဖြစ်တာလဲ ပြန်ကြည့်တော့ သပ်လျှိုသူ လက်သည်တရားခံက ဗြိတိသျှတွေ ဖြစ်နေပါတယ်။ ဒီအချိန်မှာ အိန္ဒိယပြည်ကြီးကို နယ်ချဲ့အင်္ဂလိပ်တွေက ဝါးမျိုသိမ်းပိုက်ပြီးနေပါပြီ။

အာသံအရေး၊ မဏိပူရအရေးတွေမှာ မြန်မာတပ်တွေဟာ အင်္ဂလိပ်တွေနဲ့ ထိပ်တိုက်ရင်ဆိုင်ခဲ့ရပါတယ်။ နယ်ချဲ့တွေဟာ မြန်မာနယ်ပယ်တွေထဲဝင်ပြီး အမျိုးမျိုး ခလောက်ဆန်ပါတယ်။ မြန်မာဘုရင်ကို ပုန်ကန်တဲ့သူပုန်တွေကို လက်နက်ရောင်းချရုံတင်မကဘူး၊ စစ်ဗာရီ(Sepoy)တွေလွှတ်ပြီး ကိုယ်ထိလက်ရောက် ကူညီတိုက်ခိုက်ခိုင်းပါသေးတယ်။ စစ်သူကြီး မဟာဗန္ဓုလဟာ ကချင်စစ်သည် ၁၀၀၀ အပါအဝင် မြန်မာစစ်သည် ၅၀၀၀နဲ့ မိုင်ပေါင်း ၁၁၀၀ ဝေးကွာတဲ့ ဇူရဟတ်မြို့အထိ ချီတက်သွားပြီး အင်္ဂလိပ်လက်အောက်ခံ အိန္ဒိယကြေးစား စစ်ဗာရီတွေ အပါအဝင် ရန်သူအင်အား ၃၀၀၀၀ကို အနိုင်ယူ တိုက်ခိုက်ခဲ့ပါတယ်။

ဗြိတိသျှတွေဟာ အာသံ၊မဏိပူရ အရေးတွေမှာ အရှုံးပေါ်တော့ ရခိုင်ဘက်ကို မြှောက်ပေးပြန်ပါတယ်။ ရခိုင်ကပုန်ကန်တဲ့ ချင်းပြန်နဲ့ နောက်လိုက်တွေကို နယ်ချဲ့က အကူအညီပေးတယ်။ ဘင်္ဂလားနယ်ထဲမှာ ခိုလှုံခွင့်ပေးထားတယ်။ ရှင်မဖြူကျွန်းကိုလည်း ဘာမဆိုင် ညာမဆိုင် ယူနီယံဂျက်အလံစိုက်ပြီး သူတို့ပိုင်တယ်ဆိုပြီးလုပ်ပါတယ်။ မြန်မာတွေလည်း သည်းမခံနိုင်တော့လို့ ၁၈၂၄ခုနှစ် ဇန်နဝါရီလထဲမှာ နတ်မြစ်ကို ဖြတ်ကျော်ပြီး ဘင်္ဂလားနယ်ထဲအထိ ချင်းပြန်ကို လိုက်တိုက်ကြပါတယ်။ ဒါဟာ ကျားငစဉ်းလဲ နယ်ချဲ့ရဲ့ထောင်ချောက်ထဲ ဝင်သွားတာပါ။ မြန်မာတပ်တွေက စတိုက်တော့ မြန်မာတွေဟာ စစ်လိုလားသူတွေ၊ ကျူးကျော်သူတွေ ဖြစ်သွားရပါတယ်။ ၁၈၂၄ခုနှစ် မတ်လ ၅ ရက်နေ့ကျတော့မှ အင်္ဂလိပ်တွေက မြန်မာတွေကို စစ်ကြေညာခဲ့တယ်။

ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲကြီးဟာ ကမ္ဘာ့သမိုင်းဝင် စစ်ပွဲကြီးပါ။ အမှန်ကိုသိကြတဲ့ တချို့အင်္ဂလိပ်တွေကိုယ်တိုင်က မတရားတဲ့ စစ်ပွဲကြီးမှန်းသိလို့ အင်္ဂလိပ် ပါလီမန်မှာရော၊ သတင်းစာတွေကပါ ဟိုလေးတကျော် ကန့်ကွက်ခဲ့ကြတဲ့ စစ်ပွဲကြီးပါ။ မြန်မာတွေဟာ အဲဒီအချိန်တုန်းက ကိုယ့်ထက်လက်နက်အင်အား သာလွန်တဲ့ နယ်ချဲ့စစ်တပ်ကြီးကို အသက်စွန့်ပြီးတိုက်လို့ နယ်ချဲ့စစ်သား ၁၅၀၀၀ကျော် ကျဆုံးခဲ့တယ်။ မြန်မာဘက်ကလည်း စစ်သူကြီး မဟာဗန္ဓုလတို့၊ ဗိုလ်ချုပ်မဟာနေမျိုးတို့အပါအဝင် အများအပြား ကျဆုံးခဲ့ပါတယ်။ စစ်ပွဲဟာ နှစ်နှစ်ကြာခဲ့ပြီး စစ်ပွဲအပြီးမှာတော့ မြန်မာတို့ဘက်က စစ်ရှုံးပြီး ရခိုင်၊ တနင်္သာရီနဲ့အာသံ၊ မဏိပူရ၊ အက္ကပတ်နယ်တွေကို လက်လွှတ်ဆုံးရှုံးခဲ့ရတယ်။

ဒီလိုနဲ့ပဲ နယ်ချဲ့တို့ရဲ့ မြန်မာပြည်သိမ်းပိုက်ရေး စီမံချက်အရ ၁၈၅၂ခုနှစ် ဧပြီလ ၁ရက်နေ့မှာ အင်္ဂလိပ်စစ်သင်္ဘောတွေ ရန်ကုန်မြစ်ဝကိုရောက်လာပြီး ဧပြီ၁၂ရက်မှာ စစ်ပွဲစတင်ပြန်ပါတယ်။ ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲကြီးဟာလည်း တစ်နှစ်ကျော်ကျော်ကြာခဲ့ပါတယ်။ အဲဒီမှာလည်း ပြည်တွင်းရေးမညီညွတ်မှုတွေကြောင့် ရှုံးနိမ့်ခဲ့ရပြီး စစ်ပြီးတဲ့ ၁၈၅၃ခုနှစ် ဇွန်လမှာ မြန်မာနိုင်ငံအောက်ပိုင်းတစ်ခုလုံး အင်္ဂလိပ်လက်ကို အပ်လိုက်ရပြန်ပါတယ်။ ၁၈၈၅ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲမှာတော့ မြန်မာတွေ အလစ်အငိုက်ခံလိုက်ရလို့ တစ်လမပြည့်ခင် ရှုံးနိမ့်ခဲ့ရပါတယ်။ ဒါပေမယ့် မျိုးချစ်တိုင်းရင်းသားတွေက လက်နက်ကိုင်တော်လှန်လိုက်ကြတာ (၁၀)နှစ်ကြာခဲ့ပါတယ်။ ၁၈၉၅ခုနှစ်ကျမှ ဗြိတိသျှတွေ စိတ်ချလက်ချ အိပ်နိုင်ခဲ့ကြတာပါ။

ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲကြီးဟာ ကမ္ဘာ့သမိုင်းဝင် စစ်ပွဲကြီးပါ။ အမှန်ကိုသိကြတဲ့ တချို့အင်္ဂလိပ်တွေကိုယ်တိုင်က မတရားတဲ့ စစ်ပွဲကြီးမှန်းသိလို့ အင်္ဂလိပ်ပါလီမန်မှာရော၊ သတင်းစာတွေကပါ ဟိုလေးတကျော် ကန့်ကွက်ခဲ့ကြတဲ့ စစ်ပွဲကြီးပါ။ မြန်မာတွေဟာ အဲဒီအချိန်တုန်းက ကိုယ့်ထက်လက်နက် အင်အားသာလွန်တဲ့ နယ်ချဲ့စစ်တပ်ကြီးကို အသက်စွန့်ပြီးတိုက်လို့ နယ်ချဲ့စစ်သား ၁၅၀၀၀ကျော် ကျဆုံးခဲ့တယ်။

နှစ်(၆၀)ပြည့် လ

(က) နိုင်ငံတော်၏ လွတ်လ...
တိုင်းရင်းသားအားလုံ...
(ခ) ပြည်ထောင်စုမပြိုကွဲ...
တိုင်းရင်းသားအားလုံ...
(ဂ) အောင်မြင်စွာကျင်းပ...
မှုများနှင့် အသေးစိ...
ဥပဒေပေါ်ပေါက်ရေး...
(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်...
ဆောက်ရေးတို့အတွက်...
ကြိုးပမ်းဆောင်ရွက်...
(င) နိုင်ငံတော်ရှေ့ဆက်သ...
သားအားလုံးက ပြည်...
စိတ်ဓာတ်အပြည့်အဝ...

ဗြိတိသျှတွေ မြန်မာနိုင်... ဘယ်လောက်ကြာခဲ့ပါသလဲ ဆ... အရေးအခင်းကစပြီး တွက်ကြည့်... အာသံ၊ မဏိပူရ အရေးအခင်... နှစ်ပေါင်း ၇၀ ကြာခဲ့ပါတယ်။ ... ဗိုလ်တကာ့ဗိုလ်ဆိုပေမယ့် မြန်မာ... နိုင်ခဲ့ပါဘူး။ မြန်မာတွေရဲ့ စွမ်း... ကြုံခဲ့ရတာပါ။ မြန်မာတွေကို ပြ... တော်တော်ကလေးခက်ခဲကြောင်... ခဲ့ကြရတာပါ။

ဒီတော့ မြန်မာတွေကို နော... အတွက် နည်းမျိုးစုံနဲ့သွေးခွဲ၊ ဖိနှိပ်... အရ ခွဲခြားတယ်။ မြန်မာ၊ရှမ်းနဲ့... တဖြည်းဖြည်း သွေးကွဲသွားအော... ဒေသတွေမှာ ဆက်လက်ရှင်သန်ခွ... အုပ်ချုပ်တယ်။ ရခိုင်နဲ့ တနင်္သာရီ... အစိတ်စိတ်အမြွှာမြွှာ လုပ်လိုက်... သား ဓနရှင်တွေ၊ မြေပိုင်ရှင်တွေက... အလုပ်သမားတွေကို ဆင်းရဲမွဲ... ဒါကြောင့် လူတန်းစား ကွဲပြားကွ... ချင်း လူတန်းစားတိုက်ပွဲတွေ ပေ... မျက်စိပိတ်ပြီး လူရိုင်းတွေလို ... ဦးဆောင်တဲ့ တောင်သူလယ်သ... နာမည်တပ်ပြီး ရက်ရက်စက်စ...

လွတ်လပ်ရေးရဖို့ အချိန်ဘ... ကြည့်တော့ ရခိုင်နဲ့ တနင်္သာ... ၁၈၂၆ခုနှစ် ကတည်းက စတွက်... အဲဒီကတည်းက အသီးသီး တော... ကျွန်ဖြစ်ရတဲ့ ၁၈၈၆ ခုနှစ်က ... ကျော်ပါတယ်။ မြန်မာတွေဟာ...

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုပေါင်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သောစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတို့အတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(င) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

နယ်ချဲ့ပုရိယာယ် အစဉ်သတိပြု ကာကွယ်

ဗြိတိသျှတွေ မြန်မာနိုင်ငံကို ကျွန်ပြုသိမ်းပိုက်နိုင်ဖို့ ဘယ်လောက်ကြာခဲ့ပါသလဲ ဆန်းစစ်ကြည့် တော့ ဟိုင်းကြီးကျွန်း အရေးအခင်းကစပြီး တွက်ကြည့်ရင် နှစ်ပေါင်း ၁၀၀ ကျော်ပါတယ်။ အာသံ၊ မဏိပူရ အရေးအခင်းကစပြီး တွက်ကြည့်ရင်တောင် နှစ်ပေါင်း ၇၀ ကြာခဲ့ပါတယ်။ နယ်ချဲ့တွေဟာ တစ်ကမ္ဘာလုံးမှာ ဗိုလ်တကာ့ဗိုလ်ဆိုပေမယ့် မြန်မာနိုင်ငံကို လွယ်လွယ်နဲ့ မသိမ်းပိုက်နိုင်ခဲ့ပါဘူး။ မြန်မာတွေရဲ့ စွမ်းအားကို သူတို့ နဖူးတွေ့ဒူးတွေ့ ကြုံခဲ့ရတာပါ။ မြန်မာတွေကို ပြားဝပ်သွားအောင် လုပ်နိုင်ဖို့ဆိုတာ တော်တော်ကလေးခက်ခဲကြောင်း အများကြီး ပေးဆပ်ပြီး သိသွားခဲ့ကြရတာပါ။

ဒီတော့ မြန်မာတွေကို နောက်တစ်ခါ နာလန်ပြန်မထနိုင်ရေးအတွက် နည်းမျိုးစုံနဲ့ သွေးခွဲ၊ ဖိနှိပ်ချုပ်ချယ်တော့တာပါပဲ။ လူမျိုးရေးအရ ခွဲခြားတယ်။ မြန်မာ၊ ရှမ်းနဲ့ ကယားတိုင်းရင်းသား တွေကြားတဖြည်းဖြည်း သွေးကွဲသွားအောင် ပဒေသရာဇ်စနစ်ကို တောင်ပေါ်ဒေသတွေမှာ ဆက်လက်ရှင်သန်ခွင့်ပေးတယ်။ မြေပြန့်ကို တိုက်ရိုက်အုပ်ချုပ်တယ်။ ရခိုင်နဲ့ တနင်္သာရီနယ်တွေကို သီးခြားအုပ်ချုပ်တယ်။ အစိတ်စိတ်အမြွှာမြွှာ လုပ်လိုက်တော့တာပါပဲ။ မြန်မာနဲ့ နိုင်ငံခြားသား ခနရှင်တွေ၊ မြေပိုင်ရှင်တွေကို မြှောက်ပေးပြီး လယ်သမားတွေ၊ အလုပ်သမားတွေကို ဆင်းရဲမွဲတေသွားအောင် လုပ်လိုက်တယ်။ ဒါကြောင့် လူတန်းစား ကွဲပြားကွာဟမှုတွေများလာပြီး အမျိုးသားချင်း လူတန်းစားတိုက်ပွဲတွေ ပေါ်လာတယ်။ မြန်မာတွေကို နား၊ မျက်စိပိတ်ပြီး လူရိုင်းတွေလို သဘောထားတယ်။ ဆရာစံဦးဆောင်တဲ့ တောင်သူလယ်သမားတော်လှန်ရေးကို သူပုန်လို့ နာမည်တပ်ပြီး ရက်ရက်စက်စက် နှိမ်နင်းတယ်။

လွတ်လပ်ရေးရဖို့ အချိန်ဘယ်လောက်ယူခဲ့ရသလဲ ဆန်းစစ်ကြည့်တော့ ရခိုင်နဲ့ တနင်္သာရီဒေသ ကျွန်ဘဝရောက်ခဲ့ရတဲ့ ၁၈၂၆ခုနှစ် ကတည်းက စတွက်ရင် နှစ်ပေါင်း၁၂၀ကျော်ပါတယ်။ အဲဒီကတည်းက အသီးသီး တော်လှန်ခဲ့ကြတာပါ။ တစ်ပြည်လုံး ကျွန်ဖြစ်ရတဲ့ ၁၈၈၆ ခုနှစ်က စတွက်ရင်တော့ နှစ်ပေါင်း ၆၀ ကျော်ပါတယ်။ မြန်မာတွေဟာ ၁၈၂၆ခုနှစ် ကတည်းက စပြီး လွတ်လပ်ရေးအတွက် မရပ်မနား တိုက်ခိုက်နေခဲ့ကြတာပါ။ လွတ်လပ်ရေးအတွက် အသက်ပေါင်း မရေမတွက်နိုင်အောင် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား စတေးခဲ့ကြတာပါ။

ရှေးမြန်မာတွေဟာ လွယ်လွယ်နဲ့ ကျွန်အဖြစ် မခံခဲ့ကြပါဘူး။

လွတ်လပ်ရေးဟာလည်း လွယ်လွယ်နဲ့ ပြန်ရခဲ့တာ မဟုတ်ပါဘူး။

အခုခေတ် မြန်မာတွေကကော ဘယ်လိုလဲ၊ ခေတ်သစ်ကိုလိုနီ ကျွန်ဘဝ အရောက်ခံကြမှာလား။

ဘာပဲဖြစ်ဖြစ်လေ။ နယ်ချဲ့လက်သစ်နဲ့ ပြည်တွင်းပြည်ပ **အဖျက်သမားများရဲ့ အဆိပ်ခတ်မှုကြောင့် အခက်အခဲ တချို့ တစ်ဝက် ပါလာနိုင်တဲ့ လာမယ့်နှစ်သစ်ကိုလည်း တိုင်းရင်းသား စည်းလုံးညီညွတ်မှု၊ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်စတဲ့ စွမ်းအားများနဲ့ ကြုံဆိုပြီး အောင်မြင်စွာ ကျော်ဖြတ်နိုင်အောင် ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။ ။**

လွတ်လပ်ရေးရဖို့ အချိန်ဘယ်လောက် ယူခဲ့ရသလဲ ဆန်းစစ်ကြည့်တော့ ရခိုင်နဲ့ တနင်္သာရီဒေသ ကျွန်ဘဝရောက်ခဲ့ရတဲ့ ၁၈၂၆ ခုနှစ် ကတည်းက စတွက်ရင် နှစ်ပေါင်း၁၂၀ကျော်ပါတယ်။ အဲဒီ ကတည်းက အသီးသီး တော်လှန်ခဲ့ကြ တာပါ။

လွတ်လပ်ရေးကို ထိန်းသိမ်းပါ

☆ နယ်ချဲ့လက်အောက်
ရောက်ခဲ့နှံနှစ်၊ ကျွန်အဖြစ်လျှင်
နှစ်တစ်ရာကျော်မျှ၊ နေခဲ့ရသည့်
မြန်မာ့မြေကား၊ လွန်ခေါင်းပါးသည်
တံတားစင်းရေ နည်းပါးလှ။
သွားလာဆက်သွယ် ခက်ခဲစွ။

☆ ကျွန်းသစ်ရေနံ၊ စပါးဆန်နှင့်
ကျောက်သံပတ္တမြား၊ သယ်ယူသွားကြ
ကြီးပွားချမ်းသာ၊ သူတို့မှာတည့်
မြန်မာပြည်ဖွား၊ တိုင်းရင်းသားတို့
စားရသည်က မဝတဝ။
ဝတ်ရသည်က ဖျင်ကြမ်းမျှ။
နေရာသည်က တဲကုပ်ပ။

☆ ပြည်ထောင်စုဖွား၊ တိုင်းရင်းသားချင်း
သွားလာဆက်ဆံ၊ ကူးသန်းပြန်လျှင်
ရှင်သန်အသိ၊ နီးကြားဘိလျက်
မျက်စိပွင့်မှာ၊ နားပွင့်မှာကို
များစွာနယ်ချဲ့၊ စိုးရိမ်ခဲ့၏
သွားမယ့်ခရီး၊ အနီးလေးပင်
အဝေးထင်အောင်
ဖောက်ထွင်ခဲ့သည့် ကားလမ်းကျယ်။
မဆိုစလောက် အနည်းငယ်။

☆ လွတ်လပ်ခဲ့ပြီ၊ မြန်မာပြည်တည့်
သည်နေ့ခါသော်၊ တပ်မတော်က
မြော်မြင်ကြီးမား၊ ဆောက်တည်ထား၍
သွားလာဆက်သွယ်၊ အလွန်လွယ်၏
ကျယ်သည့်မြစ်ပြင်၊ တံတားဆင်၏
ချစ်ခင်နီးရင်း၊ သွေးချင်းတို့ရပ်
မလစ်လပ်အောင်
နယ်စပ်စည်ပင်၊ အလှဆင်သည်
စာသင်ကျောင်းနှင့် ဆေးခန်းများ။
မိုးထိမြင့်မား ဆောက်အုံများ။
တိုးတက်အံ့မခန်း ပါတကား။

☆ အို ... ပြည်သူများ၊ သတိထားလော့
ဒို့များတိုင်းပြည်၊ စည်ပင်ဖွံ့ဖြိုး
တိုးတက်မည်ကို၊ ရှုမြင်လိုခြင်း
မရှိကင်းသည့်
**"ပြည်တွင်း ပြည်ပ၊ ပြောသမျှကို
ပြည်တွင်း ပြည်ပ၊ ကြံသမျှကို
မရလျှင်ဖွဲ့၊ ရလျှင်ချဲ့မည့်
နယ်ချဲ့လက်သစ်၊ အကြံညစ်ကို"**
ဆန်းစစ်သေချာ ရှုမြင်ကာ။
လွတ်လပ်ရေးကို ထိန်းသိမ်းပါ။
ပြည်သူအားလုံး ဒို့ဝန်တာ။ ။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

ခွန်ရဲသွေး(အေးသာယာ)



နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သည့် မြို့ပြကတ္တရာလမ်း ငါးလမ်းအနက်မှ သန့်စင်လမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ရက် နံနက် ၈နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဋ္ဌေး၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးကျော်မင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကမ္ဘာတစ်လွှား ထူးခြားဖြစ်ရပ်သတင်းများ

မက္ကဆီကိုစီးတီးဒေသတွင် ရှေးဟောင်းပိရမစ် ရှာဖွေတွေ့ရှိ

မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၃၀

ရှေးဟောင်းသုတေသီပညာရှင်များသည် မက္ကဆီကိုနိုင်ငံ မြို့တော်၏ အလယ်ပိုင်းဒေသတွင် သက်တမ်း၈၀၀ ကျော်ကတည်းရှိခဲ့သော ရှေးဟောင်း ပိရမစ် ဟောင်းကြီးတစ်ခု**(အပေါ်ပုံ)**ကိုတွေ့ရှိခဲ့ကြရာ ထိုမြို့၏သက်တမ်းသည် မူလက ခန့်မှန်းသကဲ့သို့မဟုတ်ဘဲ အနည်းဆုံးအနှစ် ၁၀၀ မျှပို၍ သက်တမ်း ရင့်နေသည်ကို တွေ့ကြရသည်ဟု ဆိုသည်။

ဘာသာရေးအဆောက်အအုံဖြစ်

ပညာရှင်များ တွေ့ရှိသော ရှေးဟောင်းပိရမစ်မှာ အမြင့် ၃၆ ပေခန့်ရှိသော ဘာသာရေးအဆောက်အအုံဖြစ်သည်ဟု ဆိုသည်။ ထိုအဆောက်အအုံကို တလာတီလိုကို မြို့ဟောင်းနေရာတွင် တွေ့ရှိခြင်းဖြစ်သည်။ ပညာရှင်များက အက်တက်ဇ်လူမျိုးများသည် ထိုမြို့ကို ၁၃၂၅ ခုနှစ်တွင် တည်ထောင်ခဲ့သည်ဟု ယူဆခဲ့ကြသည်။

ရှေးဟောင်းသုတေသီများသည် ဩဂုတ်လအတွင်းမှစ၍ လေ့လာစူးစမ်းမှုများ ပြုလုပ်ခဲ့သည်။ ထိုလေ့လာမှုအရ ယင်းပိရမစ်သည် ၁၁၀၀ ပြည့်နှစ်နှင့် ၁၂၀၀ ပြည့်နှစ်များအကြား တည်ဆောက်ခဲ့သည်ဟု ပညာရှင်ပီထရီဆီယာ လီဒက်စ်မာက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ထရပ်ကားပေါ်မှ ပြုတ်ကျသည့်ဆင်ပိ၍ ဆပ်ကပ်မှဆင်ထိန်းတစ်ဦး သေဆုံး

ဆစ်ဒနီ ဒီဇင်ဘာ ၃၀

သြစတြေးလျနိုင်ငံတွင် ဒီဇင်ဘာ၂၇ရက်က ဆပ်ကပ်အဖွဲ့မှ ဆင်လိမ္မာ တစ်ကောင်ကို ထရပ်ကားပေါ်မှ အောက်သို့ချစဉ် ဆင်ခြေချော်၍ လိမ့်ကျပြီး အနီးရှိ ဆပ်ကပ်မှဆင်ထိန်းတစ်ဦးအပေါ်ပိမိသဖြင့် နေရာတွင်ပင် သေဆုံး သွားကြောင်း နယူးဆောက်သ်ဝေးပြည်နယ် ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။

အခင်းဖြစ်ပွားရာနေရာမှာ ဆစ်ဒနီမြို့မြောက်ဘက် ၄၃၅ မိုင် ကွာဝေးသော ရမ်ဘာပင်လယ်ကမ်းခြေဒေသတွင်ဖြစ်သည်။ သေဆုံးသွားသူမှာ ဆပ်ကပ်အဖွဲ့မှ ဆင်ထိန်းအန်နာဆိုသူဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နိုင်ငံ ဆီယက်တယ်လ်မြို့အနီးတွင် ခရစ္စမတ်အကြိုနေ့က ခြောက်ဦး အသတ်ခံရ

ဆီယက်တယ်လ် ဒီဇင်ဘာ ၃၀

အမေရိကန်နိုင်ငံ ဆီယက်တယ်လ်မြို့အနီးရှိ မြို့ငယ်တစ်မြို့တွင် ဒီဇင်ဘာ ၂၄ ရက်၌ လူခြောက်ဦး အသတ်ခံရပြီး ရဲတပ်ဖွဲ့က အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးကို ဖမ်းဆီးထားသည်။

ပြောကြား

ထိုလူသတ်မှုမှာ ခရစ္စမတ်အကြိုနေ့က ဖြစ်ပွားခြင်းဖြစ်ပြီး သေဆုံးသူများ တွင် ကလေးနှစ်ဦးလည်းပါဝင်သည်။ ယင်းအမှုနှင့်ပတ်သက်၍ သံသယရှိသူ နှစ်ဦး၏အမည်ကို ရဲအရာရှိ ဂျွန်ဦကာဟတ်က ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ ၎င်းတရားခံနှစ်ဦးကို လာမည့်သီတင်းပတ်နှောင်းပိုင်းတွင် ရုံးတင် စစ်ဆေးဖွယ်ရာရှိသည်ဟု ဆိုသည်။

သေဆုံးသူခြောက်ဦးအနက် အများစုမှာ သေနတ်ပစ်ခံရ၍ သေဆုံးခြင်း ဖြစ်ကြောင်း ရဲကပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကမ္ဘာ့ နိုင်ငံရေး ထူးခြားသတင်းများ

ထိုင်းတွင် ဆီးနိတ်ကိုယ်စားလှယ်ရွေးပွဲကို ၂၀၀၈ခုနှစ် အစောပိုင်းတွင် ပြုလုပ်မည်

ဗန်ကောက် ဒီဇင်ဘာ ၃၀

ထိုင်းနိုင်ငံ၌ ၂၀၀၈ ခုနှစ် အစောပိုင်းတွင် ကျင်းပရန်ရှိသည့် ဆီးနိတ် ကိုယ်စားလှယ်ရွေးချယ်ပွဲအတွက် ဘတ်ငွေ ၁၃သမ ၈ဘီလီယံ သုံးစွဲသွားမည် ဖြစ်ကြောင်း ရွေးချယ်တင်မြှောက်ပွဲကော်မရှင်အထွေထွေအတွင်းရေးမှူး ဆူသီ ပူးလ်ဟဗ်ချိုင်းဂမ်က ဒီဇင်ဘာ ၂၇ရက်တွင် ပြောကြားသည်။

ထိုင်းနိုင်ငံ၏ ၂၀၀၇ခုနှစ် အခြေခံဥပဒေအရဆိုပါက ကိုယ်စားလှယ်နေရာ ၁၅၀ပါဝင်သော ဆီးနိတ်အဖွဲ့အတွက် ပါဝင်မည့်သူများကို နှစ်နည်းနှစ်လမ်းဖြင့် ရွေးချယ်မည်ဖြစ်သည်။ ပထမပိုင်းဖြစ်သည့် အရွေးချယ်ခံ ဆီးနိတ်ကိုယ်စားလှယ် ၇၆ဦးကို ပြည်နယ်၇၆ခုမှ တစ်ပြည်နယ်လျှင်တစ်ဦးကျရွေးချယ်သွားမည်ဖြစ်သည်။

ဒုတိယပိုင်းဖြစ်သည့် ဆီးနိတ် ကိုယ်စားလှယ် ၇၄ဦးကိုမူ ရွေးချယ် ရေးအဖွဲ့က တိုက်ရိုက်ခန့်ထားပေးသွား မည်ဖြစ်သည်။ ၎င်းတို့ကိုခန့်ထားပေး နိုင်ရန် ပညာရှင်အုပ်စုများက ဇန်နဝါရီ ၁၃ ရက်နှင့် ၁၇ ရက်အကြား အမည် စာရင်း တင်သွင်းပေးရမည်ဖြစ်သည်။

ပညာရှင်များအုပ်စုက ရွေးချယ်ပေး ထားသော ကိုယ်စားလှယ်များအနက်မှ သင့်တော်သူများကို ရွေးချယ်၍ ခုနစ်ဦးပါဝင်သော ရွေးချယ်ခန့်ထားရေးအဖွဲ့သို့ တင်သွင်းရမည်ဖြစ်သည်။ အခြေခံဥပဒေရေးဆွဲရေးအဖွဲ့ဥက္ကဋ္ဌ ဗီရတ်လမ်ဗီချိုင် ခေါင်းဆောင်သောခန့်ထားရေးအဖွဲ့က ဆီးနိတ်ကိုယ်စားလှယ် ၇၄ဦးကို ခန့်ထား နိုင်ရန် ရွေးချယ်ပေးမည်ဖြစ်သည်။

အရွေးချယ်ခံ ဆီးနိတ်ကိုယ်စားလှယ်များအတွက် ရွေးပွဲကို ၂၀၀၈ခုနှစ် မတ်လ ၆ရက်တွင် ကျင်းပရန် စီစဉ်ထားသည်။

အမ်အင်အေ၊ဆင်ပ်ဟွာ။

ပါကစ္စတန်ရွေးကောက်ပွဲ အစီအစဉ်အတိုင်းကျင်းပနိုင်ရေး သံသယပွားဖွယ်ရာဖြစ်နေ

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၃၀

ပါကစ္စတန်နိုင်ငံတွင် ဘနာဇီဘူတို လုပ်ကြံသတ်ဖြတ်ခံရမှုကြောင့် ဇန်နဝါရီ ၈ ရက် ရွေးကောက်ပွဲကို အစီအစဉ် အတိုင်း ကျင်းပနိုင်ရေးမှာ သံသယ ပွားဖွယ်ရာဖြစ်နေကြောင်း တနင်္ဂနွေနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံတွင် ရွေးကောက်ပွဲ ကို အစီအစဉ်အတိုင်းကျင်းပရန် အမေ ရိကန်နှင့် အနောက်အုပ်စု မဟာမိတ် နိုင်ငံများက သမ္မတမူရှာရက်ဖ်အား တိုက်တွန်းခဲ့ကြသည်။ ဇန်နဝါရီ၈ ရက် ရွေးကောက်ပွဲသည် အရပ်ဘက် အုပ်ချုပ်ရေးအတွက် အသွင်ကူးပြောင်း မှုဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ။

အကြမ်းဖက်ဆူပူမှုများကို ပါကစ္စတန်အစိုးရ လက်မခံ

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၃၀

ပါကစ္စတန်နိုင်ငံတွင် အတိုက်အခံခေါင်းဆောင် ဘနာဇီဘူတိုလုပ်ကြံခံရမှုအတွက် ကန့်ကွက်ဆန္ဒပြသည့်အနေဖြင့် ပြည်သူပိုင်အဆောက်အအုံများကိုဖျက်ဆီးခြင်းနှင့် အကြမ်းဖက်ဆူပူနေမှုများကို အစိုးရက လက်ခံမည်မဟုတ်ကြောင်း သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်က စနေနေ့တွင် ပြောကြားသည်။

ပါကစ္စတန်နိုင်ငံတစ်ဝန်းတွင် လုယက်မှုနှင့် ဖျက်ဆီးမှုများပြုလုပ်နေခြင်းမှာ ပြစ်မှုကျူးလွန်ခြင်းပင် ဖြစ်ပြီး ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် အစီအစဉ်များရေးဆွဲချမှတ်ဆောင်ရွက်မည် ဖြစ်ကြောင်း မူရှာရက်ဖ်က ရာဝါပင်ဒီမြို့ရှိ သမ္မတ၏ရုံး၌ကျင်းပသော အစည်းအဝေးတွင် ပြောကြားသည်။

ပါကစ္စတန်မြို့ကြီးများတွင် ဆန္ဒပြသူများက မော်တော်ကားများကို မီးရှို့ခြင်း၊ ဘဏ်တိုက်များကို ဖျက်ဆီးခြင်း၊ စတိုးဆိုင်များကို လုယက်ခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ပ်ဟွာ။

ပါကစ္စတန်နိုင်ငံ ရာဝါပင်ဒီမြို့တွင် မငြိမ်မသက်မှုများဖြစ်ပေါ်နေသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကင်းလှည့်စောင့်ကြပ်နေသည်ကို ဒီဇင်ဘာ ၃၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘနာဇီဘူတို လုပ်ကြံခံရမှုဖြစ်ရပ်ကြောင့် ဘင်္ဂလားဒေ့ရှ် ဆိုးကျိုးသက်ရောက်မှုမရှိဟုဆို

ဒါကာ ဒီဇင်ဘာ ၃၀

ပါကစ္စတန်နိုင်ငံတွင် ဘနာဇီဘူတို လုပ်ကြံခံရမှုဖြစ်ရပ်သည် မိမိတို့နိုင်ငံ အပေါ် ဆိုးကျိုးသက်ရောက်မှုရှိမည်မဟုတ်ကြောင်း ဘင်္ဂလားဒေ့ရှ် အိမ်စောင့် အစိုးရအဖွဲ့မှ နိုင်ငံခြားရေးဌာန အကြံပေးပုဂ္ဂိုလ် ဒေါက်တာအဖီခါအာမက် ချောင်ဒရီက စနေနေ့တွင်ပြောကြားသည်။

တည်ငြိမ်မှုကိုထိန်းထားမည်

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရရှိထားပြီးဖြစ်သောနိုင်ငံတည်ငြိမ်မှုကို ထိန်းထား မည်ဖြစ်ကြောင်း၊ သို့ရာတွင် ပါကစ္စတန်နိုင်ငံနှင့် ကမ္ဘာ့ဒေသအချို့တွင် နိုင်ငံရေးအခြေအနေ ဆိုးရွားမှုများကို မိမိတို့တွေ့မြင်နေရကြောင်း ချောင်ဒရီက ပြောကြားသည်။

ပြင်ပမှ နိုင်ငံရေးဂယက်လှိုင်းများ ရိုက်ခတ်မှုကို ကာကွယ်နိုင်ရန် မိမိတို့ ပြင်ဆင်ထားကြောင်း ၎င်းကပြောကြားသည်။ *အမ်အင်အေ၊ဆင်ပ်ဟွာ။*

ဦးခေါင်းသေနတ်ဒဏ်ရာဖြင့် ဘူတိုကွယ်လွန်ခဲ့ဟုဆို

ကရာချိ ဒီဇင်ဘာ ၃၀

ပါကစ္စတန် အတိုက်အခံခေါင်းဆောင် ဘနာဇီဘူတိုသည် ဦးခေါင်းသေနတ် ဒဏ်ရာဖြင့်ကွယ်လွန်ခဲ့ကြောင်း၊ ဘူတိုသည် အသေခံဗုံးခွဲမှုအတွင်း မော်တော်ကား အမိုးနှင့် ဆောင့်မိသည့်ဒဏ်ရာဖြင့် သေဆုံးသည်ဆိုသော အစိုးရ၏ ပြောကြား ချက်မှာ မှန်ကန်ခြင်းမရှိကြောင်း ဘူတို၏လက်ထောက်တစ်ဦးက စနေနေ့တွင် ပြောကြားသည်။

ဘူတိုသည် ရာဝါပင်ဒီမြို့တွင် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေး လူထုအစည်း အဝေး၌ မိန့်ခွန်းပြောကြားပြီးနောက် တိုက်ခိုက်သူတစ်ဦးက ၎င်းကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ပြီး ယင်းနောက်တွင် အသေခံဗုံးခွဲခဲ့ကြောင်း ဘူတို၏ ပါကစ္စတန်ပြည်သူ့ ပါတီ ပြောရေးဆိုခွင့်ရှိသူ ရှာရီရေမန်က ပြောကြားသည်။

ဘူတိုသည် လည်ပင်းနှင့် ဦးခေါင်းတို့တွင် သေနတ်ဒဏ်ရာများရရှိခဲ့သည်ဟု လုံခြုံရေးတာဝန်ရှိသူများက ပြောကြားခဲ့ကြသည်။ *အမ်အင်အေ၊ရိုက်တာ။*

ကမ္ဘာလှည့် လေးဦး အသတ်ခံရမှု အယ်လ်ခိုင်ဒါနှင့်ဆက်စပ်ဟုဆို

နွက်ရှက် (မော်ရီတေးနီးယား) ဒီဇင်ဘာ ၂၉

မော်ရီတေးနီးယားနိုင်ငံတွင် ပြင်သစ်ကမ္ဘာလှည့်ခရီးသည် လေးဦးကို သတ်ဖြတ်ခဲ့သူများမှာ အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့နှင့် ဆက်နွှယ်သည့် အုပ်စု မှဖြစ်ကြောင်း မော်ရီတေးနီးယား အစိုးရရှေ့နေများက ဒီဇင်ဘာ ၂၈ ရက်တွင် ပြောဆိုသည်။ မသင်္ကာသူသုံးဦးအနက် နှစ်ဦးကိုအာဏာပိုင်များက လိုက်လံ ရှာဖွေလျက်ရှိပြီး ၎င်းတို့မှာ အယ်လ်ခိုင်ဒါအဖွဲ့နှင့် အဆက်အသွယ်ရှိသည်ဟု ယူဆသည်။

အသက်မသေဘဲ ကျန်ရစ်

မိသားစုတစ်စုတည်းမှ ဖြစ်ဟန်တူသည့် ကမ္ဘာလှည့်ခရီးသည်လေးဦးကို အလက်မြို့အနီးတွင် သေနတ်သမားများက ပစ်သတ်ခဲ့သည်။ ပဉ္စမလူမှာ အသက်မသေဘဲကျန်ရစ်ခဲ့သဖြင့် ဆေးဝါးကုသရန် ဆီနီဂေါနိုင်ငံသို့ ပို့လိုက်သည်။ ပြင်သစ်ကိုလိုနီဖြစ်ခဲ့သည့် မော်ရီတေးနီးယားနိုင်ငံ တောင်ပိုင်းသည် မြောက်ပိုင်းထက် ကမ္ဘာလှည့်ခရီးသည်များအတွက် ပိုမိုလုံခြုံမှုရှိခဲ့သည်။

အင်တာနက်။

အင်တာနက် အားကစားသတင်းများ

တောင်ကိုရီးယားတိုက်စစ်မှူး ချိုဂျေကျင်း။ (ဓာတ်ပုံ-အင်တာနက်)

ကိုရီးယားတိုက်စစ်မှူးခေါ်ယူရေး နယူးကာဆယ်အသင်း ဆိုင်းငံ့ထား

နယူးကာဆယ် ဒီဇင်ဘာ ၂၉

နယူးကာဆယ် ယူနိုက်တက်အသင်းသည် တောင်ကိုရီးယားတိုက်စစ်မှူး ချိုဂျေကျင်းအား ခေါ်ယူနိုင်ရေး ဆွေးနွေးနေမှုများကို ရပ်ဆိုင်းထားလိုက်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဂျပန် ဂျေ-လိဂ်ဘောလုံးပြိုင်ပွဲဝင် ရှိမိဇုအသင်းတွင် ပါဝင်ကစားခဲ့သူ ချိုဂျေကျင်းအား ဇန်နဝါရီလ အသင်းပြောင်းရွှေ့ကာလအတွင်း ခေါ်ယူနိုင်ရန် နယူးကာဆယ်အသင်းက ဆွေးနွေးခဲ့သော်လည်း ယခုအခါဆွေးနွေးမှုကို အဆုံးသတ်လိုက်ကြောင်း နယူးကာဆယ်အသင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အသက် ၂၆နှစ်ရှိ ချိုသည် နိုင်ငံတကာဘောလုံးပြိုင်ပွဲ ၂၉ပွဲတွင်ရှစ်ဂိုးသွင်းပေးနိုင်ခဲ့သည်။ ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲဝင် ဖူဟမ်နှင့် ဝက်စ်ဟမ်းအသင်းတို့ကလည်း ချိုအားခေါ်ယူနိုင်ရန် ကြိုးပမ်းနေကြဆဲဖြစ်ကြောင်း ၎င်း၏ကိုယ်စားလှယ် ကင်မင်ဂျေးက ပြောကြားသည်။ ***အင်တာနက်***

စပိန် ရီးယဲလ်ဗယ်လာဒိုလစ်အသင်း၏ ဂိုးသမား ဆာဂျီယို အာဆန်ဂျို(ဝဲ)။ (ဓာတ်ပုံ-အင်တာနက်)

ပရီမီယာလိဂ် အသင်းသုံးသင်း အာဆန်ဂျိုအား ခေါ်ယူရန်ကြိုးပမ်း

လန်ဒန် ဒီဇင်ဘာ ၂၉

မန်ချက်စတာ ယူနိုက်တက်၊ လီဗာပူးနှင့် အဲဗာတန်အသင်းတို့သည် စပိန်နိုင်ငံမှ ရီးယဲလ်ဗယ်လာဒိုလစ်အသင်း၏ ဂိုးသမား ဆာဂျီယိုအာဆန်ဂျိုအား ခေါ်ယူနိုင်ရန် အပြိုင်အဆိုင် ကြိုးပမ်းလျက်ရှိကြကြောင်း ယနေ့အင်တာနက်သတင်းတွင်ဖော်ပြသည်။

အသက် (၁၈)နှစ်အရွယ်ရှိ ဂိုးသမားအာဆန်ဂျိုအား လာမည့်နွေရာသီတွင် ရောင်းချမည်ဖြစ်ကြောင်း၊ ၎င်းအတွက် အသင်းပြောင်းရွှေ့ကြေးမှာ ယူရို ၄ ဒသမ ၅သန်း (ပေါင်ငွေ ၃ဒသမ ၃သန်း) ရှိမည်ဖြစ်ကြောင်း စပိန်နိုင်ငံ၏ မီဒီယာသတင်းများ၌ ဖော်ပြသည်။

ဂိုးသမား အာဆန်ဂျိုအား ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲဝင် အသင်းများက ခေါ်ယူရန် ကမ်းလှမ်းလာမည်ဆိုပါက မိမိအနေဖြင့် ၎င်းကိုဟန့်တားပိုင်ခွင့်ရှိမည် မဟုတ်ကြောင်း ရီးယဲလ်ဗယ်လာဒိုလစ် အသင်းပိုင်ရှင် ကာလို့စ်ဆူးရက်ဇ်က ပြောကြားသည်။ ***အင်တာနက်***

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ အသင်းများရပ်တည်မှု

လန်ဒန် ဒီဇင်ဘာ ၃၀

ဒီဇင်ဘာ ၂၉ရက်ပွဲစဉ်အပြီး ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် အမှတ်အများဆုံးရရှိထားသည့် အသင်း ၁၀ သင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

အဆင့်	အသင်း	ရမှတ်
၁	အာဆင်နယ်	၄၇
၂	မန်ချက်စတာယူနိုက်တက်	၄၅
၃	ချယ်လ်ဆီး	၄၁
၄	လီဗာပူး	၃၆
၅	မန်စီးတီး	၃၅
၆	အဲဗာတန်	၃၃
၇	အက်စ်တန်ဗီလာ	၃၃
၈	ပို့စ်မောက်	၃၁
၉	ဝက်စ်ဟမ်း	၂၉
၁၀	ဘလက်ဘန်း	၂၇

အင်တာနက်။

မန်ယူ ထူးထူးခြားခြား ရှုံးနိမ့်ခဲ့ ချယ်လ်ဆီးအသင်း ရပ်တည်ချက်ခိုင်မာလာ

လန်ဒန် ဒီဇင်ဘာ ၃၀

အင်္ဂလိပ်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၂၉ရက်က ကျင်းပသည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ဝက်စ်ဟမ်းယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး ချယ်လ်ဆီးအသင်းက နယူးကာဆယ်ယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ရပ်တည်ချက်ပိုမိုခိုင်မာသွားသည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် လွန်ခဲ့သည့်ဘောလုံးရာသီအထိ အပ်တန်ပါ့ခ်ကွင်းတွင် မည်သည့်အခါတွင်မျှ ရှုံးနိမ့်မှုမရှိခဲ့ပေ။ သို့ရာတွင် နယူးကာဆယ်ယူနိုက်တက်အသင်းကို ထူးထူးခြားခြား ရှုံးနိမ့်ခဲ့ရပြီဖြစ်သည်။

ဒီဇင်ဘာ ၂၉ရက်ပွဲစဉ်တွင် အကောင်းဆုံးပွဲတစ်ပွဲမှာ ဝိုက်ဟတ်လိန်းကွင်း၌ကျင်းပသောပွဲဖြစ်သည်။ ဘူလ်ဂေးရီးယားတိုက်စစ်မှူး ဘာဘာတော့ဗ်တစ်ဦးတည်းက လေးဂိုးသွင်းယူကာ စပါးအသင်းက ရီဒင်းအသင်းကို ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရီဒင်းအသင်းသည် လက်ရှိဘောလုံးရာသီတွင် အဝေးကွင်း၌ လေးဂိုးအထိ သွင်းယူနိုင်ခြင်းမှာ ဒုတိယအကြိမ်ဖြစ်သည်။ ရီဒင်းအသင်းသည် စက်တင်ဘာလအတွင်းက ပို့စ်မောက်အသင်းကို ခုနစ်ဂိုး-လေးဂိုးဖြင့်ရှုံးနိမ့်ခဲ့ပြီးနောက် အလားတူရှုံးနိမ့်မှုမျိုးနှင့် တွေ့ကြုံရခြင်းဖြစ်သည်။

အာဆင်နယ်အနိုင်ရ

အာဆင်နယ်အသင်းမှ တိုက်စစ်မှူး နစ်ကလက်စ်ဘန့်တနာထုတ်ပယ်ခံခဲ့ရသော်လည်း အဲဗာတန်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အာဆင်နယ်အသင်းသည် အရှုံးနှင့် ရင်ဆိုင်လိုက်ရသော မန်ချက်စတာယူနိုက်တက်အသင်း၏အနေအထားအရ ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ထိပ်ဆုံးနေရာသို့ ပြန်လည်တက်လှမ်းလာသည်။

ပထမပိုင်းတွင် အဲဗာတန်အသင်း၏ ကစားကွက်မှာ အာဆင်နယ်အသင်းထက် သာလွန်ခဲ့သည်။ အာဆင်နယ်အသင်းသည် ကစားကွက်မှန်ကန်ရေး ကြိုးပမ်းနေရစဉ်မှာပင် ပွဲချိန် ၁၉မိနစ်၌ တင်ကာဟီးလ်ကဂိုးသွင်းခဲ့သည်။

သို့ရာတွင် ပွဲချိန် ၄၇မိနစ်နှင့် ၅၈မိနစ်တို့တွင် အာဆင်နယ်တိုက်စစ်မှူး အက်ဒွပ်ဒိုဒါ ဆေးလ်ဗားတစ်ဦးတည်းက နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

ပွဲချိန် ၇၄မိနစ်တွင် ဘန့်တနာထုတ်ပယ်ခံခဲ့ရပြီးနောက် အီမင်နျူယယ် အဒီဘာယောက အာဆင်နယ်အသင်းအတွက် တတိယမြောက်ဂိုးကို သွင်းယူသည်။ လူစားဝင်လာသူ ရိုဆစ်စကီးက ဒဏ်ရာရအစားဖြည့် အချိန်ပိုတွင် စတုတ္ထမြောက်ဂိုးကို သွင်းနိုင်ခဲ့သည်။

ချယ်လ်ဆီးအနိုင်ရ

ချယ်လ်ဆီးအသင်းတွင် ပထမဦးစားပေးဘောလုံးသမားများ ပါဝင်ကစားနိုင်ခြင်း မရှိသော်လည်း နယူးကာဆယ်ယူနိုက်တက်အသင်းကို အခက်အခဲများအကြားမှ အနိုင်ရရှိခဲ့သည်။ ချယ်လ်ဆီးအသင်းမှ ဘောလုံးသမားများမှာ ထိခိုက်ဒဏ်ရာရမှုနှင့် ပွဲပယ်ပြစ်ဒဏ်ကျခံနေရသဖြင့် ဒီဇင်ဘာ ၂၉ရက်က ပါဝင်ကစားနိုင်ခြင်း မရှိခဲ့ကြပေ။

ချယ်လ်ဆီးအသင်းသည် အစောပိုင်းတွင် ရှန်းကန်နေခဲ့ရပြီးနောက် ပွဲချိန် ၂၉မိနစ်တွင် အက်ဆီယန်ကအဖွင့်ဂိုးသွင်းပေးခဲ့သည်။

ပွဲချိန် ၅၆မိနစ်တွင် နစ်ကီဘတ်က ချေပဂိုးသွင်းခဲ့သော်လည်း ပွဲပြီးဆုံးခါနီးသုံးမိနစ် အလိုတွင် ကာလူးက လူကျွံဘောဖြစ်နေသည့်ကြားမှ ဂိုးသွင်းခဲ့သည်။ ချယ်လ်ဆီး၏အနိုင်ဂိုးမှာ အငြင်းပွားဖွယ်ရာဖြစ်ကြောင်း နယူးကာဆယ် မန်နေဂျာဆမ်အယ်လာဒိုက်စ်ကပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ဘောလုံးယှဉ်လု

မန်ချက်စတာယူနိုက်တက်အသင်းမှ အိုဝင်ဟားဂရေ့ဗ်(ဝဲ)နှင့် ဝက်စ်ဟမ်းယူနိုက်တက်အသင်းမှ မာ့ခ်နိုဘယ်တို ဘောလုံးယှဉ်လုကြစဉ်။

ဓာတ်ပုံ-အင်တာနက်

အယ်လာဒိုက်စ်အနာဂတ်ရေး ဖာဂူဆန်ကာကွယ်ပြောဆို

လန်ဒန် ဒီဇင်ဘာ ၂၉

နယူးကာဆယ်အသင်းသည် မန်နေဂျာ ဆမ်အယ်လာဒိုက်စ်အား ရာထူးမှ ဖယ်ရှားမည်ဆိုပါက မိမိအနေဖြင့် အလွန်အံ့အားသင့်စရာဖြစ်ရလိမ့်မည်ဖြစ်ကြောင်း မန်ချက်စတာယူနိုက်တက် မန်နေဂျာ ဆာအဲလက်စ်ဖာဂူဆန်က ယနေ့ပြောကြားသည်။

ဒီဇင်ဘာ ၂၆ ရက်က ဝီဂန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရပြီးနောက် မန်နေဂျာ အယ်လာဒိုက်စ်မှာ စိန့်ဂျိမ်းစ်ပါ့ခ်ကွင်းတွင် ၎င်း၏ အနာဂတ်ရေး မရေမရာဖြစ်နေရသည်။

သို့ရာတွင် နယူးကာဆယ်အသင်းသည် ဘော်လ်တန်အသင်း မန်နေဂျာဟောင်း အယ်လာဒိုက်စ်အား ပိုမိုအချိန်ပေးသင့်ကြောင်း ဖာဂူဆန်က ပြောကြားသည်။

နယူးကာဆယ်အသင်းကို တာဝန်ယူခဲ့သည့် မန်နေဂျာများနှင့် နှိုင်းယှဉ်ပါက အယ်လာဒိုက်စ်သည် စွမ်းဆောင်ရည်အကောင်းဆုံးဖြစ်သည်ဟု မိမိထင်မြင်ယူဆကြောင်း ဖာဂူဆန်က ပြောကြားသည်။ ***အင်တာနက်***

နှစ်ပတ်လည်အထူးထုတ် ဖလားဝါးနယူးစ်ဂျာနယ်အတွဲ(၄)၊ အမှတ်(၁) ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၃၀

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၁)တွင် နှစ်ပတ်လည် အထူးထုတ်အဖြစ် ကဏ္ဍသစ်များဖြည့်စွက်ကာ ကိုကို(စက်မှုတက္ကသိုလ်)၏ 'နှစ်သစ်မှာ ကတိလေးချက်ကို သတိရကြည့်ကြပါ' အယ်ဒီတာ့ဒိုင်ယာရီနှင့်အတူ ၁၅ဦးပါ ကိုရီးယားသင်္ဘောနစ်မြုပ်မှု မြန်မာတစ်ဦးသာ ကယ်ဆယ်ရရှိသေး၊ မြန်မာ-တရုတ် ကုန်စည်ပြပွဲများတွင် မြန်မာကုန်သည်များအနေဖြင့် အခွင့်အရေးအမိအရယူစေလို၊ ဘွဲ့ရမြန်မာများ ထိုင်းတက္ကသိုလ်များတွင် ဂုဏ်ထူးတန်း ပညာသင်ဆုများရယူနိုင်၊ ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်စ်ပိုး နိုင်ငံတွင်းရှိနေနိုင်ပြီဖြစ်၍ အထူးဂရုပြုရန်လို၊ နိုင်ငံသားမှတ်ပုံတင်ကတ် အတုပြုလုပ်သူကို အရေးယူမည် စသည့် ပြည်တွင်းရေး ရာသတင်းများနှင့်အတူ အောင်မြင်သူတစ်ဦးအကြောင်း 'ချိုမြိန်သော စိတ်ကူးပိုင်ရှင် ကိုစန်းဦး'၊ အလုပ်နှင့်ပညာရေး 'အင်္ဂလိပ်စာအရည်အချင်းစစ် TOEFL နှင့် IELTS ဘယ်ဟာကိုရွေးရမလဲ'၊ ၂၀၀၇ ဂျာနယ်လောကဈေးကွက်အနိမ့်အမြင့် အခြေအနေ သုံးသပ်ချက် 'တဝဲရယ်တဲ့ တလည်လည် ဂျာနယ်'ကဲ့သို့သော သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'နှစ်သစ်တွင် ဗျူဟာသစ်များဖြင့် ယှဉ်ပြိုင်ကြဦးမည်' အားကစားဆောင်းပါးနှင့်အတူ ထိပ်တန်းစာရင်းဝင် ၂၀၀၇ခုနှစ်အတွင်းက ဖြစ်ရပ်များ၊ ကမ္ဘာ့နိုင်ငံများက ဘူတိုအသတ်ခံရမှုကို ရှုတ်ချ၊ အီးယူက သတင်းဆက်သွယ်မှုပညာ တိုးတက်အောင်ဆောင်ရွက်မည်၊ အိမ်သာမသုံးလို့ လူ ၁၀၀အဖမ်းခံရ၊ အဲလီဇဘတ်ဘုရင်မကြီးက ဗစ်တိုးရီးယားကို ကျော်တက်သွား၊ ၂၀၀၇ခုနှစ်တွင် ကမ္ဘာ တစ်ဝန်း ကင်ဆာရောဂါဝေဒနာရှင် ၁၂သန်းကျော်ရှိ စသည့်နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House က မြန်မာ တစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

အထွေထွေရောဂါကု ဆရာဝန်ညီလာခံ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၀

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့၏ (၈)ကြိမ်မြောက် အထွေထွေရောဂါကု ဆရာဝန်ညီလာခံကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၅ရက်မှ ၆ရက်အထိ ပဲခူးမြို့ရှိ ရွှေဝါထွန်းဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ အထွေထွေရောဂါကုဆရာဝန်များနှင့် စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၁-၁၂-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

- **၇း၀၀** ၁။ မြဝတီအဖွင့်
- **၇း၀၅** ၂။ အဖွင့်သီချင်း
- **၇း၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇း၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇း၃၀** ၅။ မြန်မာသံစဉ်ချိုနှားဝင်
- **၇း၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇း၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇း၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈း၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈း၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈း၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈း၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄း၀၀** ၁။ မြဝတီအဖွင့်
- **၄း၀၅** ၂။ အဖွင့်သီချင်း
- **၄း၁၅** ၃။ အမျိုးသားရေးတေးကဗျာ
- **၄း၂၀** ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- **၄း၃၅** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄း၅၀** ၆။ မျိုးချစ်တပ်မတော်
- **၅း၀၀** ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅း၂၀** ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၅း၃၀** ၉။ ဗီစီဒီကျော်ကြားတေးများ
- **၅း၄၀** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆း၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆း၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆း၂၀** ၁၃။ အမျိုးသားရေးတေးကဗျာ
- **၆း၃၅** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇း၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရာဇဝင်တွင်တဲ့သူရဲကောင်း(အပိုင်း-၂၁)**
- **၈း၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မေးမြန်းစူးစမ်း
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပြည်ချစ်သူရဲကောင်း (အပိုင်း-၁၉)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

HIV/AIDS ရန်ပုံငွေ ချစ်ကြည်ရေးဘောလုံးပွဲ မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဘောလုံးအသင်းနှင့် ၁၉၉၃ ခုနှစ် အရှေ့တောင်အာရှပွဲ ငွေတံဆိပ်ရလက်ရွေးစင်ဟောင်းများအသင်း ကစားမည်

သတင်းဓာတ်ပုံ မောင်ဝင်း(ကျွန်းဆွယ်)

ရန်ကုန် ဒီဇင်ဘာ ၃၀

HIV/AIDS ဝေဒနာရှင်များအတွက် ရန်ပုံငွေ ချစ်ကြည်ရေးဘောလုံးပွဲတစ်ပွဲကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁၂ ရက် (စနေနေ့)တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရန်ပုံငွေ ချစ်ကြည်ရေး ဘောလုံးပွဲတွင် ယှဉ်ပြိုင်ကစားကြမည့် နှစ်သင်းမှာ မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဘောလုံးအသင်းနှင့် ၁၉၉၃ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ငွေတံဆိပ်ဆုရ မြန်မာ့လက်ရွေးစင်ဟောင်းများပါဝင်သည့် ဘောလုံးအသင်းတို့ ဖြစ်သည်။

ရှင်းလင်းတင်ပြ

ချစ်ကြည်ရေး ရန်ပုံငွေ ဘောလုံးပွဲ ကျင်းပရေးနှင့် စပ်လျဉ်း၍ စာနယ်ဇင်း ပုဂ္ဂိုလ်များအား ရှင်းလင်းတင်ပြပွဲကို ဒီဇင်ဘာ ၂၈ ရက်က အောင်ဆန်း အားကစားပြိုင်ကွင်း အနောက်ဘက်တန်းရှိ ဂင်ဇာပင်ကဖေး၌ ကျင်းပခဲ့သည်။

အဆိုပါ ရန်ပုံငွေ ချစ်ကြည်ရေး ဘောလုံးပွဲ မစတင်မီ တေးဂီတ ဖျော်ဖြေမှု အစီအစဉ်ပါဝင်ရာ မွန်းလွဲ ၁ နာရီမှ စတင်ဖျော်ဖြေတင်ဆက်ကြမည့် နာမည်ကြီး အဆိုတော်များဖြစ်သည့် R ဇာနည်၊ စိုင်းစိုင်းခမ်းလှိုင်၊ L လွန်းဝါ၊ နန္ဒစိုင်း၊ စည်သူလွင်၊ ရင်ဂို၊ ဆောင်းဦးလှိုင်၊ တူးတူး၊ အောင်ရင်၊ ဘိုဖြူ၊ အယ်နှောင်း၊ ဟက်ကက်၊ ပိုင်ဇေရဲထွန်း၊ စောဖိုးခွား၊ ဂရေဟမ်၊ ကျားပေါက်၊ မောင်မောင်ဇော်လတ်၊ ကော်နီ၊ ခင်ဘုဏ်း၊ ရှင်ဖုန်း၊ ဖြူဖြူကျော်သိန်း၊ ဇမ်နူး၊ ချစ်သုဝေ၊ ကြိုးကြာ၊ ဆုန်သင်းပါရ်၊ ကဗျာဘွဲ့မှူး၊ ယုဇန၊ သျှီ စသည်တို့ ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်း ကြားသိရသည်။

ထို့အတူ ယှဉ်ပြိုင်ကစားမည့် ၁၉၉၃ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ငွေတံဆိပ်ဆုရ မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းများအသင်းတွင် အောင်ကျော်ကျော်၊ စိုင်းမောင်မောင်ဦး၊ စိုးနိုင်၊ မြင့်ကို၊ ထွန်းမြင့်လွင်၊ မင်းဇော်ဦး၊ ဆန်းဝင်း၊ ရဲထွဋ်လေး၊ တင်မြင့်အောင်၊ အေးနိုင်၊ တင်မောင်ထွန်း၊ ကြည်လွင်၊ တင်မျိုးအောင်၊ သန်းတိုးအောင်၊ ဝင်းအောင်၊ စောဘမြင့်၊ စိုးနိုင်ကြီး၊ ကျော်လွင်နှင့် မျိုးလှိုင်ဝင်းတို့ ပါဝင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဘောလုံးအသင်းတွင် အုပ်ချုပ်သူ ဦးဘုန်းနိုင်၊ မန်နေဂျာ ဦးဇော်ဝင်းတို့က ဆောင်ရွက်ပြီး နည်းပြဆရာအဖြစ် လက်ရွေးစင်ဟောင်း ကျော်မင်းက ဆောင်ရွက်မည်ဖြစ်သည်။

ဘောလုံးသမားများအဖြစ် စောဖိုးခွား၊ ဆောင်းဦးလှိုင်၊ တူးတူး၊ ဖိုးဇော်၊ ဝင်စတန်၊ အဘိုင်း၊ မင်းဦး၊ စောသာဂေး၊ ဖိုးပေ၊ ဘိုတောက်၊ ဟက်ကက်၊ နန္ဒစိုင်း၊ L လွန်းဝါ၊ Rဇာနည်၊ ထွန်းထွန်း (Examplez)၊ စနိုး၊ ကိုအောင်၊ ဝီရ၊ ဖိုးခွား(PTL)၊ ဝင်းနိုင်(EMG)၊ အိုက်ဇက်၊ လင်းလင်း၊ စံပီး၊ အာကာ၊ ယာကွတ်၊ စိန်ပေါ၊ မားဘလက်၊ အငယ်လေး၊ B. James Aung နှင့် ပိုင်ဇေရဲထွန်းတို့ ပါဝင်ကစားကြမည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

HIV/AIDS **ဝေဒနာရှင်များအတွက် ရန်ပုံငွေချစ်ကြည်ရေး ဘောလုံးပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ စာနယ်ဇင်းများအား ရှင်းလင်းတင်ပြသည့်အခမ်းအနားတွင် မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း မျိုးလှိုင်ဝင်း ရှင်းလင်းတင်ပြစဉ်။**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၁၂-၂၀၀၇ (တနင်္လာနေ့)

AM & PM	
၇:၀၀-၁:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	အစွမ်းထက်မြက်သော ဂါထာတော်များ(၂) [ဆရာတော် အရှင်ကဥ္စနောဘာသ(မုဒ္ဓော-ကလေးဝ)
၈:၀၅-၂:၀၅	Soccer Update
၈:၂၀-၂:၂၀	အမြင့်ပျံငှက်တို့နားခိုရာ (စည်သူမောင်၊ ထူး၊ ဇွန်သစ်နိုင်)
၈:၃၀-၂:၃၀	တေးဂီတအစီအစဉ်
၈:၄၀-၂:၄၀	MRTV-4 ကျန်းမာရေးကဏ္ဍ (နှလုံးသွေးကြောကျဉ်းရောဂါအတွက် ECP ကုထုံးနည်းပညာ) (ပါမောက္ခဒေါက်တာဦးရဲမြင့်နှင့် တွေ့ဆုံခြင်း)
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	သမိုင်းဝင်ရှင်ကိုးရှင်
၉:၄၀-၃:၄၀	တေးဂီတအစီအစဉ်
၉:၄၅-၃:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀-၃:၅၀	အင်္ကျီလှလှချုပ်ရအောင် (ရှေ့ကွဲရင်စေ့အင်္ကျီချုပ်လုပ်နည်း)
၁၀:၁၅-၄:၁၅	တေးဂီတအစီအစဉ်
၁၀:၂၅-၄:၂၅	မိုးလေဝသခန့်မှန်းချက်
၁၀:၃၀-၄:၃၀	လင်းလက်တောက်ပသဘော်ာဆေးအလှ
၁၀:၄၅-၄:၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၅-၄:၅၅	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာအောင်ဇင်နှင့် တွေ့ဆုံခြင်း)
၁၁:၁၅-၅:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀-၅:၂၀	အနာကြီးရောဂါကင်းဝေးဖို့ဆွေးနွေးတိုင်ပင်ပြောကြစို့ (ညီဘွား၊ ဂွမ်းပုံကြီး၊ ဖေချစ်) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၁၁:၃၀-၅:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၅-၅:၃၅	အရိုန်အဝါတောက်ပမီးချောင်းရဲ့သဘာဝ
၁၁:၅၅-၅:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀-၆:၀၀	New Year & Celebrities
၁၂:၁၅-၆:၁၅	စိုက်ပျိုးဖို့လွယ်ကူစေတာ ကောက်ရိုးမှိုပါ
၁၂:၃၀-၆:၃၀	တေးဂီတအစီအစဉ်
၁၂:၃၅-၆:၃၅	ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ
၁၂:၄၅-၆:၄၅	လေလွင့်ခြင်း၏ရွှေရောင်ခြေလှမ်းသစ်
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဂရိတ်ဝေါ အမျိုးသားတံခွန်စိုက် ကြက်တောင်ရိုက်ပြိုင်

ရန်ကုန် ဒီဇင်ဘာ ၃၀

မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်နှင့် ဂရိတ်ဝေါ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းတို့ ပူးပေါင်းကျင်းပသည့် ၂၀၀၇ခုနှစ် အဌမအကြိမ် ဂရိတ်ဝေါ အမျိုးသားတံခွန်စိုက် ကြက်တောင်ပြိုင်ပွဲဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ရက် ၁၀နာရီခွဲက အမျိုးသား ကြက်တောင်အားကစားခန်းမ (ကျုံးကြီးလမ်း)၌ ကျင်းပသည်။

ပြိုင်ပွဲဖွင့်လှစ်ပေး

ရှေးဦးစွာ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ (ဂရိတ်ဝေါ တိုင်းရင်းဆေးဝါးနှင့် ဆောက်လုပ်ရေး) က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ပြိုင်ပွဲအား ဖွင့်လှစ်ပေးသည်။ ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ (ဂရိတ်ဝေါ တိုင်းရင်းဆေးဝါးနှင့် ဆောက်လုပ်ရေး) တို့က ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ (၁၄) နှစ်အောက် အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်း၊ အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ (၁၆)နှစ်အောက် အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်း၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ သာမန်တန်း အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ၊ သက်ကြီးတန်း အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အကြီးတန်း အမျိုးသားတစ်ဦးချင်း၊ အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲ၊ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ စုစုပေါင်း ပွဲစဉ် ၁၀၅ ပွဲကို ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲများကို အမျိုးသား ကြက်တောင်အားကစားခန်းမ (ကျုံးကြီးလမ်း) ၌ ဆက်လက် ကျင်းပမည်ဖြစ်သည်။

(ကြေးမုံ)

ကန်တော်ကြီး အပန်းဖြေဥယျာဉ်အတွင်း ကျန်းမာရေးလေ့ကျင့်သူများဖြင့် စည်ကား

ရန်ကုန် ဒီဇင်ဘာ ၃၀

ယခုအချိန်သည် ပွင့်လင်းရာသီ ဆောင်းတွင်းကာလသို့ ရောက်ရှိလာပြီ ဖြစ်သဖြင့် ရန်ကုန်မြို့ ကန်တော်ကြီး အပန်းဖြေဥယျာဉ်အတွင်း နံနက်စောစော လမ်းလျှောက်ကြသူများ၊ ကျန်းမာရေးလေ့ကျင့်ခန်း ပြုလုပ်သူ လူကြီး၊ လူငယ်များဖြင့် နေ့စဉ်စည်ကား လျက်ရှိသည်ကို တွေ့ရသည်။

ယခင်က ကန်တော်ကြီးဝန်းကျင်တွင် ပုံမှန်လေ့ကျင့်ခန်းပြုလုပ်သူ၊ လမ်းလျှောက်သူများကိုသာ တွေ့ရလေ့ရှိသော်လည်း ယခုအခါ မိသားစု အဖွဲ့လေးများ ဖွဲ့စည်း၍ ကက်ဆက်ဖွင့်ကာ တေးသီချင်းသံများနှင့် အုပ်စုလိုက် လေ့ကျင့်ခန်းပြုလုပ်နေကြသည်ကို ကန်တော်ကြီး အပန်းဖြေဥယျာဉ်၏ နေရာအနှံ့တွင် တွေ့နေရသည်။ ထိုသို့ လေ့ကျင့်ခန်းပြုလုပ်သူများနှင့် ပတ်သက်၍ ကန်တော်ကြီးအတွင်း လေ့ကျင့်ခန်း ပြုလုပ်သည့် အဖွဲ့တစ်ဖွဲ့ဖြစ်သော ပုလဲမိသားစု လေ့ကျင့်ခန်းအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက "ဒီအဖွဲ့လေးဖြစ်လာတာ လေးနှစ်လောက်တော့ရှိပါပြီ။ ဒီအဖွဲ့မှာ လူကြီး၊ လူရွယ်၊ လူငယ် အရွယ်စုံပါပါတယ်။ အားလုံး နေ့စဉ် နံနက် ၆ နာရီကနေ ၈ နာရီအထိ ကက်ဆက်ကနေ သီချင်းသံတွေနဲ့ ပုံမှန်လေ့ကျင့်ခန်းလုပ်ပါတယ်။ အားလုံးက မိသားစုပုံစံလေးပါ။ စုစုစည်းစည်းနဲ့ လုပ်ရတဲ့အတွက် ပျော်စရာကောင်းပါတယ်" ဟု ပြောကြားသည်။

ထို့ပြင် အဆိုပါအဖွဲ့တွင်ပါဝင်ပြီး နေ့စဉ် ပုံမှန်လေ့ကျင့်ခန်းပြုလုပ်နေသူ တစ်ဦးကလည်း "ကျွန်တော်က အရင်တုန်းက ဒူးသိပ်မကောင်းတော့ လေ့ကျင့်ခန်း သိပ်မလုပ်ဖြစ်ဘူး။ ဒါပေမယ့် နောက်ပိုင်းမှာ အိမ်နီးချင်းတစ်ယောက်

ကပြောလို့ ဒီမှာလာလုပ်ဖြစ်တာပါ။ ဒီလို အစုအဖွဲ့လေးနဲ့ စုပေါင်းပြီးလုပ်ရတော့ စိတ်ကပိုပြီး လွတ်လွတ်လပ်လပ်ဖြစ်တာပေါ့။ အခုဆိုရင် ကျွန်တော် ဒီမှာလေ့ကျင့်ခန်းလုပ်တာ နှစ်နှစ်ကျော်ပါပြီ။ ဒူးနာ တော်တော်ကောင်းလာပါပြီ။ နံနက်စောစော ကန်တော်ကြီးရဲ့ အေးမြသန့်ရှင်းတဲ့ လေကိုရှူရှိုက်ပြီး တော့ ရွှေတိဂုံစေတီကြီးကို ဖူးမြော်ပြီး လေ့ကျင့်ခန်း လုပ်ရတာလောက် စိတ်ကြည်နူးစရာကောင်းတာ မရှိတော့ပါဘူး"ဟု ဆိုပါသည်။

ယခုလက်ရှိအချိန်တွင် နံနက်ခင်း နေခြည်အောက်၌ ကန်တော်ကြီးအတွင်း အဖွဲ့များအလိုက် လေ့ကျင့်ခန်းပြုလုပ်သူ၊ တရုတ်ရိုးရာ ကစားနည်းများဖြင့် လေ့ကျင့်ခန်းပြုလုပ်သူများ အများအပြားရှိပြီး အဆိုပါလေ့ကျင့်ခန်းပြုလုပ်သူများကိုအမှီပြု၍ အနွေးထည်များ၊ ဆွယ်တာများ၊ ခေါင်းစွပ်များ ရောင်းချနေကြသည်ကိုလည်း တွေ့ရှိရသည်။ (ကြေးမုံ)

ရန်ကုန်မြို့ ကန်တော်ကြီး ဥယျာဉ်အတွင်း အဖွဲ့အလိုက် ကျန်းမာရေး လေ့ကျင့်ခန်းများ လှုပ်ရှားဆောင်ရွက်နေကြစဉ်။

(ကြေးမုံ)

ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ နဝမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော် (၂၀၀၇–၂၀၀၈) ဖွင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၀

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ နဝမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော်(၂၀၀၇–၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နာယက၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အောက်ရှိ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ နဝမအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို သီရိအဏ္ဏဝါခန်းမ၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ချိန်ကစပြီး စီးပွားရေးကဏ္ဍ အသီးသီး၏ ပုဂ္ဂလိကပိုင်ကဏ္ဍကို အားပေးမြှင့်တင်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ရေလုပ်ငန်း ကဏ္ဍအနေဖြင့် နိုင်ငံတော်က တာဝန်ယူဆောင်ရွက်မှုမရှိတော့ဘဲ ရာနှုန်းပြည့် ပုဂ္ဂလိက ဆောင်ရွက်မှုကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုထားပြီးဖြစ်ကြောင်း။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် (၂၀၀၇–၂၀၀၈) ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဦးဆောင်မှုအောက်၌ ရှိသည့် လုပ်ငန်းဆိုင်ရာအသင်းများနှင့် လုပ်ငန်းရှင်များကို ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှုမှနိုင်ငံခြားဝင်ငွေ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ➩

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ နဝမအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော် (၂၀၀၇–၂၀၀၈)ဖွင့်ပွဲတွင် ခင်းကျင်းပြသထားသော ပြခန်းများနှင့် ဆိုင်ခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား